**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**
**အတွဲ(၂)၊ အမှတ်(၇)၊ မေ ၂၀၁၈**

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ရက်မှ ဧပြီလ ၃၀ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

**လက်နက်ကိုင်ပဋိပက္ခ**

- **ကချင်**

ဧပြီလ၂ရက်နေ့တွင် ဗန်းမော်ခရိုင် မံစီမြို့နယ် ဘွမ်ကီတောင်ဘက်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ **“တိုက်ပွဲကတွေ့ရင် ခဏဖြစ်လိုက် ပြီးရင် ပြန်ငြိမ်လိုက်ပဲ။ အကြာကြီးဖြစ်တာတော့ မဟုတ်ဘူး။”**ဟု KIO သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူမှ ပြောခဲ့သည်။ (KachinWaves)

ဧပြီလ၃ရက်နေ့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့်မြန်မာ့ တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (Irrawaddy)

ဧပြီလ ၄ ရက်နေ့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ **"အခုတလော ဗန်းမော်၊ မံစီနားမှာ တိုက်ပွဲဖြစ်တယ်။ မနေ့ကလည်း ဖြစ်တယ်။ ဒီနေ့လည်း မနက် ၇ နာရီမှာ စဖြစ်နေ တယ်။ မံစီက တက်လာရင် တပ်ရင်း ၁ နေရာပေါ့။ တပ်မတော်ဘက်က ထိုးဝင်လာလို့ ခုခံတိုက်ပွဲဖြစ်တာ။ အဲဒီမှာ ပြည်သူလူထုက သစ်ထုတ်တာ နည်းနည်း လုပ်နေတာကို ဖြေရှင်းချင်လို့ နယ်မြေ ရှင်းလင်းဖို့ လာရင်းက ဖြစ်တာ။ အဲဒီနေရာက စစ်ကိုင်းတိုင်း ဘက်ကလာတဲ့ သစ်တွေကို စုဆောင်းတဲ့ နေရာဖြစ်တယ်"**ဟု KIA သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူမှပြောခဲ့သည်။ (Irrawaddy)

ဧပြီလ ၅ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်ဒေသ"အင်ဘာဘာ" ပတ်ဝန်းကျင်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများကြောင့် အင်ဘာဘာမှ မိသားစု(၁၂)စုသည် ဘေးကင်းရာသို့ တိမ်းရှောင်ခဲ့ရသည်။ (NAB) (Popular)

ဧပြီလ ၆ရက်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မံစီမြို့နယ် လဂျောင်ကျေးရွာနှင့် ဖားကန့်မြို့နယ် တံတားညီနောင်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ **"ဖားကန့် တံတားညီနောင်က စခန်းကို တိုက်တာ။ မြန်မာ့တပ်မတော်ဘက်က တပ်ရင်းမှူးလည်း ကျတာရှိတယ်။ တပ်မတော်က လေယာဉ်တွေနဲ့ ပြန်တိုက်လာတော့ ကျွန်တော်တို့ဘက်က ပြန်ဆုတ်ခဲ့တာ။ ဘယ်လောက်သေ ဘယ်လောက်ဒဏ်ရာရတာတော့ အသိအကျမသိဘူး။"**ဟု KIO သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူမှ ပြောခဲ့သည်။ ထို့ပြင် **"ပါဒေါ် ဆိုတဲ့နေရာမှာ နံနက်ပိုင်း ၁၀း၀၀ နာရီကနေ ၁း၀၀ နာရီအထိ တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်တယ်လို့ သိရတယ်။ တပ်မတော်ဘက်က အင်အားထပ်ဖြည့်တဲ့တပ်တွေ မံစီမြို့ကို ရောက်လာတာတွေ့တယ်။ မြင်းတပ်တွေလည်း ပါတယ်။ တိုက်ပွဲကြားမှာ ပြည်သူတွေ ပိတ်မိနေတာမျိုးတော့ မရှိဘူးလို့ သိရတယ်"**ဟု မံစီဒေသခံ ကိုဒေဗစ်မှပြောခဲ့သည်။ တိုက်ပွဲအတွင်း မြန်မာ့တပ်မတော်ဘက်မှ ရဟတ်ယာဉ်သုံးပြီး လေကြောင်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း **"တိုက်ပွဲက မနက်အစောကြီးပိုင်း ၅နာရီ၊ အေး တစ်နာရီလောက် ကြာတယ်။ လေယာဉ်ပျံနဲ့လည်း ဗုံးလာ ကြဲတယ် လာပစ်တယ်။ ဟယ်လီကော်ပတာ ၂စီး အဲဒါ ၊ အမေရိကန်ကလုပ်တယ်ပြောကြတာပဲ။ သေနတ်နဲ့ လည်း ပစ်တယ်၊ ဗုံးလည်းလာချတယ်။ အခုက ကားတွေလည်း သွားနေပြီ။ အများကြီးသွားနေပြီ။"** ဟု ဖားကန့်ဒေသခံ တဦးမှ ပြောခဲ့သည်။ (KachinWave) (VOA) (7Day) (NMG) (NAB) (BBC) (Mizzima)

ဧပြီလ ၈ ရက်နေ့တွင် တနိုင်းမြို့နယ်ရှိ လမုန်ကျေးရွာအတွင်း၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ **"မနက်ပိုင်းကွာ ၂ နာရီ နှင့် ၃ နာရီကြား အဲဒီ ၅ နာရီခွဲအထိ ဟုတ်တယ်။ လမုန်ကျေးရွာမှာ အဲမှာတပ်စခန်းရှိ တယ်။ အဲဒီတပ်စခန်းမှာ ကေအိုင်အေတွေဖက်က လာပြီးမှ ဝင်တိုက်တာ အဲဒါကြောင့်မို့လို့ တိုက်ပွဲဖြစ်သွားတာ။"**ဟု ဒေသခံတစ်ဦးမှ ပြောခဲ့သည်။ (NMG) (RFA) (Popular) (7Day)

ဧပြီလ ၁၁ ရက်နေ့တွင် နေ့လည် ၂ နာရီမှ ၄ နာရီထိ လိုင်ဇာမြို့ အနီးတဝိုက်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် IDP Camp များရှိရာ မုန်လိုင်ခက်၊ လဝါယန်၊ အလမ့်ဘွမ် စသည့်နေရာများအား အလုံးနှစ်ဆယ်ခန့် ပစ်ခတ်ခဲ့သည်။ အဆိုပါ ပစ်ခတ်မှုကြောင့် လဝါးယန်တွင် ငှက်ပျော်သီးထမ်းနေသည့်လူများထဲမှ **လူ တဦး သေဆုံးခဲ့ရပြီး သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်**။ တပြိုင်နက်တည်းတွင် ဖားကန့်မြို့နယ်၊ မန်စီမြို့နယ်၊ နမ္မတီးမြို့နယ်၊ တနိုင်းမြို့၊ အောင်လော့ဒ် နှင့် ကဆုန်ကျေးရွာ၊ နမ်ပြုဒေသ KIA နှင့်

မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်ဘက်မှ တိုက်ပွဲများအတွင်း ဂျက်လေယာဉ်များအသုံးပြု၍ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အောင်လော့ဒ်ကျေးရွာတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် **ဒေသခံတဦး သေဆုံးခဲ့ရသည်။** (NMG) (NAB) (VOA) (KachinnNews) (KachinNews) (NAB) (Mizzima)

ဧပြီလ ၁၂ ရက်နေ့တွင် တနိုင်းမြို့နယ်အတွင်းရှိ နန့်ယန်းနှင့် အောင်လော့ဒ် (Aung Lawt) ၊ ဖားကန့်မြို့နယ်ရှိ ကားမိုင်း၊ အင်းတော်ကြီးဒေသရှိ အိုင်လေးတူရွာနှင့် မန်ဝယ်ရွာသား၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့နယ် သူဌေးကုန်းရွာတို့၌ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အောင်လော့ဒ်တွင် တိုက်ပွဲများ ပြင်းထန်ခဲ့သဖြင့် ပြည်သူ ၂၀၀၀ ကျော်သည် တနိုင်းမြို့သို့ ဦးတည် ထွက်ပြေးခဲ့ပြီး လမ်းတွင် မြန်မာ့တပ်မတော်၏ တားဆီးပိတ်ပင်မှု ခံနေခဲ့ရသည်။ တိုက်ပွဲများအတွင်း အိုင်လေးတူရွာမှ ရွာသား ၅ ဦးနှင့် မပြင်ရွာမှ ရွာသားတဦးပျောက်ဆုံးနေခဲ့ပြီး အိုင်လေးတူရွာမှ ရွာသားတဦး ပြန်လည် လွတ်မြောက်လာခဲ့သည်။ သူဌေးကုန်းရွာဘက်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် နွားတကောင်သေဆုံးခဲ့ပြီး၊ နွားတကောင် ဒဏ်ရာရရှိခဲ့သည်။ တိုက်ပွဲကြောင့် မန်ဝယ်ရွာသား ၁၅၀ ကျော်တို့သည် မိုင်ခြောက်ဆယ်ခန့်ဝေးသော ကာမိုင်းသို့ ပြေးရန် ပြင်ဆင်နေခဲ့သည်။ **(NMG) (KachinNews) (RFA) (Mizzima ) (VOA) (NAB)**

ဧပြီလ ၁၃ ရက်နေ့တွင် ကချင်ပြည်နယ် လိုင်ဇာ၊ နမ္မတီးတို့၌ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီး ပစ်ခတ်မှုကြောင့် **နမ္မတီးမြို့နယ် ရွာတရွာမှ အရပ်သားတဦးသေဆုံးခဲ့ပြီး တဦး ဒဏ်ရာရရှိခဲ့သည်။** လီဒိုလမ်းမဘေး၊ ယုဇန ကုမ္ပဏီဆိုဒ် လမ်းသွယ် (၃၀) အနီး၌လည်း ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ပွဲတွင် ဌာနေပြည်သူ့စစ်များမှ မြန်မာ့တပ်မတော်ဘက်မှ ပူးပေါင်း၍ (KIA) အား တိုက်ခိုက်ခဲ့သည်။ (VOA) (NMG) (NAB)

ဧပြီလ ၁၄ ရက်နေ့တွင် တနိုင်းမြို့နယ်ရှိ အောင်လော့ဒ် (နောင်ညန်း) တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အင်းတော်ကြီးရှိ နေရာနှစ်ခု၌လည်း တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ (NAB)

ဧပြီလ ၁၅ ရက်နေ့ ညနေ ၇ နာရီခန့်တွင် ကချင်ပြည်နယ် လိုင်ဇာမြို့အနီး၊ တနိုင်းမြို့အနီးနှင့် အင်းတော်ကြီး ဒေသတို့၌ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ လက်နက်ကြီးဖြင့် ၈ ကြိမ်ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ တနိုင်းဘက်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် **အရပ်သား ၂ ဦး သေဆုံးခဲ့ပြီး ၂ ဦး ဒဏ်ရာ ရရှိခဲ့သည်။** (NAB) (BBC) (BBC)

ဧပြီလ ၁၆ ရက်နေ့၊ နံနက် ၃ နာရီခန့်တွင် ကချင်ပြည်နယ် လိုင်ဇာမြို့၌ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ လက်နက်ကြီးဖြင့် အကြိမ် ၂၀ ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးများသည် ဖက်ဒရယ် ဉပဒေအကယ်ဒမီကျောင်းရှိရာ "မိုင်ဂျာယန်" နှင့် တရုတ်နယ်စပ်အနီးရှိ ကြံခင်းများ အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ (NAB)

ဧပြီလ ၁၇ ရက်နေ့တွင် တနိုင်းမြို့နယ်ရှိ အောင်လော့ဒ် နောင်ညန်းပတ်ဝန်းကျင်များတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ KIA ဘက်မှ တနိုင်းမြို့နယ် အောင်လော့ဒ်ရွာ နှင့် တစ်မိုင်ခန့်အကွာရှိ (KIA) တပ် မဟာ (၂) ဌာနချုပ်အား ပြောင်းရွှေ့ခဲ့ရသည်။ (NAB) (7day)

ဧပြီလ ၁၈ ရက်နေ့တွင် ကချင်ပြည်နယ် နောင်ညန်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ (NAB)

ဧပြီလ ၂၀ ရက်နေ့တွင် ကချင်ပြည်နယ် နမ္မတီးမြို့နယ်၊ ကဆုန့်ကျေးရွာအနီးတွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံ ၂၀၀၀ ကျော်ခန့် ရှိရာ ၁၀၀၀ ကျော်ခန့်သည် နမ္မတီးဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၁၀၀၀ခန့်သည် ဘုရားကျောင်းဝင်း အတွင်း၌သာ စုပေါင်းနေထိုင်နေခဲ့သည်။ ထို့ပြင်လိုင်ဇာအနီး မုန်လိုင်ခက်၊ မုန်းဆန်ယန်၊ လဝါယန်တို့ဘက်သို့ လက်နက်ကြီးဖြင့် မြန်မာ့တပ်မတော်မှ ပစ်ခတ်ခဲ့ပြီး မိုးကောင်းမြို့နယ် ဆွတ်မိုင်ကျေးရွာဘက်သို့လည်း မြန်မာ့တပ်မတော်မှ လက်နက်ကြီးကျည်များ အသုံးပြုတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာဒေသခံ ၁၇၆ ဦး မြစ်ကြီးနားမြို့နယ်၊ နန်ကျင်ကျေးရွာဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဧပြီလ ၂၂ ရက်နေ့ နံနက် ၈နာရီ ခွဲအချိန့်ခန့်မှသာ နန်ကျင်ကတ်သလစ်အသင်းတော် ဓမ္မာရုံသို့ ရောက်ရှိခဲ့သည်။ (MyitkyinaNews) (NMG)

ဧပြီလ ၂၁ ရက်နေ့တွင် မိုးကောင်းမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ရွာ ၂ ရွာမှ ဒေသခံ ၁ ထောင်ကျော် ထွက်ပြေးလာရပြီး နမ္မတီးမြို့ရှိ ဘာသာရေး ကျောင်းများတွင် ခိုလှုံခဲ့ရသည်။ (Irrawaddy) (VOA) (MyitkyinaNew)

ကချင်ပြည်နယ် အင်ဂျန်းယန် မြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ ဧပြီလ ၂၄ရက်၊ ၂၅ရက် နေ့လည် ၃ နာရီအချိန်နှင့် ၂၆ရက်နေ့အထိ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၂၅ရက်နေ့က ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း တပ်မတော်ဘက်မှ ဂျက်ဖိုက်တာ ရဟတ် ယာဉ်ဖြင့် KIA တပ်မဟာ (၁) ဌာနချုပ် ရှိရာ အင်ဂွန်းလ တဝိုက် ကို ဗုံးကြဲခဲ့ကြောင်း KIA သတင်းနှင့် ပြန်ကြားရေး တာဝန် ခံဗိုလ်မှူးကြီး နော်ဘူမှ ပြောခဲ့သည်။ ထို့ပြင် ကောင်ရာ ကျေးရွာ အနီးရှိ KIA တပ်မဟာ (၁) လက်အောက် ခံတပ်ရင်း (၄)ကိုလည်း ရဟတ်ယာဉ်ဖြင့် ဗုံးကျဲ တိုက်ခိုက်ကြောင်း၊ **"ဒီနေ့ အခြေအနေက တပ်ရင်း (၄) ရဲ့ နေရာမှာ မြေပြင် တိုက်ပွဲ တွေ ပြန်ဖြစ်ပါတယ်။ နေ့လယ် ၁၁ နာရီခွဲ အချိန်က တိုက်ပွဲတွေ ဖြစ်နေပါတယ်"** ဟု ဗိုလ်မှူးကြီးနော်ဘူမှ ပြောခဲ့သည်။ တိုက်ပွဲများကြား ပိတ်မိမည်ကို စိုးရိမ်သဖြင့် KIA တပ်မဟာ (၁) ဇရိယာအနီးရှိ ရွာ ၄ ရွာမှ ဒေသခံ ၁ ထောင်ဝန်းကျင်မှာ အင်ဂျန်းယန်မြို့နယ် ကားလမ်းမကြီးဘေးရှိ ကျေးရွာများထံ ပြေးလာကြသည်ဟု အင်ဂျန်းယန်မြို့နယ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဂျာဆိုင်းခေါ်န်မှ ပြောခဲ့သည်။ (Irrawaddy) (MyitkyinaNews) (KachinWave) (RFA)

ဧပြီ(၂၈) ရက်၊ နံနက်(၅) နာရီ(၃၀) မိနစ်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်မဟာ(၁) ၊တပ်ရင်း(၄) နှင့် မြန်မာ့တပ်မတော်တို့ နေရာ နှစ်ခု၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ အရာရှိ၊ အရာခံဗိုလ်အပါအဝင် ၄ ဦး သေဆုံးခဲ့သည် ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ (NAB)

- **ရှမ်းပြည်နယ်**

ဧပြီလ ၂ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၃၀ မိနစ် အချိန်ခန့်အထိ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ် ဟိုချောင်းကျေးရွာနှင့် ဇယန်းမန်မိုင် ကျေးရွာကြား၌ မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်( TNLA)တို့ တိုက်ပွဲဖြစ်ပွား ခဲ့သည်။ (NAB) (TNLA) (NMG) (7Day)

ဧပြီလ ၄ ရက်နေ့ ရှမ်းပြည်နယ် နမ္မတူမြို့နယ် ကောင်းဟုန်းကျေးရွာအနီးတွင် နံနက် ၀၈း၁၅ နာရီမှ ၀၉း၃၀ နာရီထိ မြန်မာ့တပ်မတော်နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့ပြင် ပိန်းထွမ် ကျေးရွာအနီးတွင်လည်း နံနက် ၀၈း၅၅ နာရီမှ ၀၉း၅၀ နာရီ ချိန်ထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA)

ဧပြီလ ၂၃ ရက်နေ့ ည ၉နာရီ ၃၀ မိနစ်ခန့်တွင် သီပေါမြို့မယ် နမ့်ဆင်ကျေးရွာ တောင်ဘက်၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲအတွင်း ကျောက်မဲမြို့နှင့် ကွန်ကော်ကျေးရွာအုပ်စုအား ဆက်သွယ်ထားသည့် ပန်ကျိုင်းတံတား မီးရှို့ခံခဲ့ရသည်။ (Taifreedom)

ဧပြီလ ၂၃ ရက်နေ့ ည ၉:၂၀ နာရီအချိန်တွင် သီပေါမြို့နယ် နမ့်ဆင်ကျေးရွာ တောင်ဘက်၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/ SSA) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TaiFreedom)

ဧပြီလ ၂၄ ရက်နေ့ မနက် ၈:၄၅ မှ ၉ နာရီအချိန်ထိ သီပေါမြို့နယ် နမ့်ဆင်ကျေးရွာ တောင်ဘက် ပန်ကျိုင်းတံတား အနီး၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/ SSA) နှင့် တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA) တပ်ရင်း ၃၆၇တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TaiFreedom)

ဧပြီလ ၂၄ ရက်နေ့တွင် ကွန်ကော်ကျေးရွာမှ ကျောက်မဲမြို့ပေါ်သို့ သွားသည့် လမ်းမကြီးရှိ အေးချမ်းသာလီဆူရွာ၊ ခွန်ကော် ရွာကြားတွင်ရှိသော ပန်ကျိုင်းကြိုးတံတားနှင့် ပြီးခဲ့နှစ်တွင် အသစ်တည်ဆောက်ထားသည့် တံတား ၂ စင်းသည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/ SSA) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)တို့တိုက်ပွဲကြောင့် ဖျက်စီးခံလိုက်ရကြောင်း ကွန်ကော်ကျေးရွာသားတစ်ဦးမှပြောခဲ့သည်။ (MarnagarNew) (Popular)

- **ကရင်ပြည်နယ်**

ဧပြီ ၂၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ မာနယ်ပလောဒေသ ဟတ်ကြီးရေကာတာ စီမံကိန်းအနီး၌ မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ တပ်မဟာ ၇ နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ (VOA) (Irrawaddy)

ဧပြီလ ၂၆ ရက်နေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ (၇)နယ်မြေအတွင်း KNU နှင့် မြန်မာ့တပ်မတော်တို့ အကြား တစ်နာရီနီးပါးကြာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း (KNLA) စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောရော်နီက အတည်ပြုပြောဆိုခဲ့သည်။ (mmtime) (Irrawaddy)

## စစ်ဘေးရှောင်

- **ရှမ်းပြည်နယ်**

ဧပြီလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အောင်မြေသာယာ ဘုန်းကြီးကျောင်း၌ တိုက်ပွဲရှောင်ခိုလှုံနေသော ကွန်ကော်ကျေးရွာ အုပ်စု တော့ဖယ်ရွာနှင့် အုံးအွီးရွာမှ ရွာသားများကို နေရပ်ပြန်ပို့ခဲ့သော်လည်း လုံခြုံရေး အခြေအနေအရ ကျောက်မဲမြို့သို့ ပြန်လာခဲ့ရကြောင်း တိုက်ပွဲရှောင်များကို ကူညီပေးနေများမှ ပြောခဲ့သည်။ **"ဧပြီ ၁ ရက်က ပြန်မယ်ဆိုလို့ လိုက်ပို့တာ ပါ။ လီရှော့ရွာရောက်တော့ တိုင်းရင်းသား လက်နက်ကိုင်တစ်ဖွဲ့တွေ့တယ်။ သွားလို့အဆင မပြေဘူးတဲ့။ ဟိုဘက် တိုင်းရင်းသားအဖွဲ့က လည်း တံတားကျော်လာရင် တာဝန်ယူပါတယ်တဲ့။ ဒါနဲ့ပဲ ပြန်လာခဲ့ရတယ်ပေါ့"** ဟု ဇီဝိတ လူမှုကူညီရေးအသင်းဥက္ကဌ ဦးတင်မောင်သိန်းမှပြောခဲ့သည်။(MyanmarTime)

ဧပြီလ ၉ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၊ ဘော်ကြို ကျေးရွာအုပ်စု၊ ဘော်ကြိုကျေးရွာစစ်ရှောင်စခန်း မှ စစ်ရှောင် ၃၄၆ ဦးခန့်အား ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) မှ ဦးဆောင်၍ နေရပ်သို့ ပြန်ပို့ခဲ့ကြောင်း SNLD ပါတီ သီပါမြို့နယ် အတွင်းရေးမှူး စိုင်းလောဝ်ဆိုင် မှပြောခဲ့သည်။ " **နေရပ်မပြန်နိုင်သေးတဲ့ ကျေးရွာအုပ်စု ၃ အုပ်စုကျန်သေးတယ် ၊ လူဦးရေ က ငါးရာကျော်ပေါ့ ၊ ဘာကြောင့် မပြန် ရဲသေးလည်းဆိုရင် သူတို့ရွာထဲမှာ ကျန်နေတဲ့ တိုက်ပွဲအတွင်း လက်ကျန်မိုင်းတွေ ထိမှာကြောက်လို့ မပြန် နိုင်သေးတာပေါ့ ၊ လောလော ဆယ်တိုက်ပွဲအခြေ အနေကတော့ ငြိမ်နေပါတယ်** " ဟုပြောခဲ့သည်။ ထို့အပြင်" **နေရပ်မပြန်နိုင်သေးတဲ့ ကျေးရွာအုပ်စု ၃ အုပ်စုကျန်သေးတယ် ၊ လူဦးရေ က ငါးရာကျော်ပေါ့ ၊ ဘာကြောင့် မပြန်ရဲသေးလည်းဆိုရင် သူတို့ရွာထဲမှာ ကျန်နေတဲ့ တိုက်ပွဲအတွင်း လက်ကျန်မိုင်းတွေ ထိမှာကြောက်လို့ မပြန် နိုင်သေးတာပေါ့ ၊ လောလောဆယ်တိုက်ပွဲအခြေ အနေကတော့ ငြိမ်နေပါတယ်** " ဟ စိုင်းလောဝ်ဆိုင် မှပြောခဲ့သည်။ (ShanNew)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ပေါ်တွင် ခိုလှုံနေကြသော စစ်ရှောင် ၈၀၀ ကျော်သည် ၎င်းတို့ ဒေသတွင် လက်နက်ကိုင် အဖွဲ့အစည်းများ မှ လူသစ် စုဆောင်းခြင်းနှင့် ငွေကြေး တောင်းခံခြင်းများ ပြုလုပ်နေခြင်းကြောင့် နေရပ်သို့ မပြန်ရဲဘဲ ဖြစ်နေကြောင်း ရှမ်းပြည်နယ်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းညက်မှ ပြောခဲ့သည်။**"သူတို့ကို လက်နက်ကိုင်တွေက ငွေတောင်း၊ လူတောင်း (လူသစ်စုဆောင်း) တာရှိတော့။ တချို့က မပြန်ချင်တော့ဘူး"** ဟု စိုင်းထွန်းညက်

မှပြောခဲ့သည်။ အဆိုပါဒေသတွင် တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၊ ရှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS)၊ ရှမ်းပြည်တိုးတက်ရေး ပါတီ (SSPP)၊ ကျောက်မဲနှင့် မန်တုံကြားတွင်လှုပ်ရှားနေသော ပြည်သူ့စစ် ၂ ဖွဲ့ တို့ လှုပ်ရှားနေသည်။ (Irrawaddy)

မတ်လ ၁၀ ရက်နေ့မှ စတင်ကာ နမ့်ဆန်၊ သီပေါ၊ ကျောက်မဲနှင့် နမ္မတူ စသည့် မြို့နယ်များတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် တောင်ပိုင်း RCSS/SSA နှင့် တအန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် TNLA တို့အကြား တိုက်ပွဲများပြင်းထန်စွာ ပြန်လည်ဖြစ်ပွားလာခဲ့ပြီး တင်းမာမှုများကြောင့် ဒေသခံများမှာ ၎င်းတို့၏ နေရာဒေသကို စွန့်ခွာကာ စစ်ဘေးရှောင်ခဲ့ရသည်။ ဒုက္ခသည်စခန်းမှ လူဦးရေ သုံးရာကျော်ပြန်သွားခဲ့ရပြီး ညှိနှိုင်းမှုများ အဆင်ပြေပါက ဧပြီလ ၁၁ရက်နေ့တွင် လူဦးရေ ၄၀၀ ကျော် ပြန်ရန်အတွက် စီစဉ်ပေးနေကြောင်း သီပေါမြို့အခြေဆိုက် နယ်စည်းမခြား ပရဟိတအသင်းမှ ကိုမျိုးမှ ပြောခဲ့သည်။ (NMG)

ဧပြီလ ၁၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် နားဆိုင်းကျေးရွာအုပ်စု မိုင်းညောင်ရပ်ကွက်မှ ဦးအိုက်စန်းနှင့် ဇနီးဖြစ်သူ ဒေါ်အေးခိုတို့ ကျွဲကျောင်းသွားရင်း ပျောက်ဆုံးခဲ့ခြင်းအပေါ် စိုးရိမ်ထိတ်လန့်နေခဲ့ပြီး လားရှိုးမြို့ပေါ်သို့ ရွာသား ၄၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အဆိုပါ ဒေသတွင် တအန်းလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ အပြန်အလှန် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားတတ်သည့် နေရာဖြစ်သည်။ (RFA)

မတ်လ အတွင်း၌ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ် ပန်ဆော့၊ ပန်ကွပ်၊ နာတီး၊ မိုင်းဟွေစသည့် ရွာများမှ စစ်ဘေးရှောင်တချို့သည် ဧပြီလ ၂၃ ရက်နေ့တွင် နေရပ်သို့စတင်ပြန်သွားကြပြီဟု နမ္မတူမြို့နယ်၊ တအန်း အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးအိုက်ထိုက်မှ ပြောခဲ့သည်။ **"အရင်ကတော့ ဒီရွာမှာ ရွာသား ၂၀၀ လောက်ရှိတယ်။ အခု ပထမ အသုတ်ပြန်လာတာကတော့ ၆၀ ပေါ့။ နောက်ထပ်လည်း လာကြဦးမယ်။ အခု အိမ်တွေ ရှင်းနေကြတယ်"**ဟုပြောခဲ့သည်။ (DVB)

- ကချင်ပြည်နယ်

ဧပြီလ ၅ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်ဒေသ"အင်ဘာဘာ" ပတ်ဝန်းကျင်၌ မြန်မာ့တပ်မတော်နှင့် ကချင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အင်ဘာဘာမှ မိသားစု(၁၂)စုသည် ဘေးကင်းရာသို့ တိမ်းရှောင်ခဲ့ရသည်။ (NAB) (Popular)

ဧပြီ ၁၁ ရက်နေ့တွင် တနိုင်းမြို့နယ် အောင်လော့ဒ်၊ ဆွတ်ရိန်နှင့် ဆွတ်ရာ ကျေးရွာများဝန်းကျင်၌ မြန်မာ့ တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ပြည်သူ ၂၀၀၀ ကျော်သည် တနိုင်းမြို့ထဲသို့ မရောက်မီ လမ်းခုလတ်ပိတ်မိနေခဲ့ပြီး ပြည်နယ်အစိုးရထံ အကူအညီ တောင်းခံစာ တင်ပြခဲ့သော်လည်း အကြောင်းပြန်ကြားချက်မရရှိသေးဟု စစ်ရှောင်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီမှ တာဝန်ရှိသူတဦးမှ ပြောခဲ့သည်။

စစ်ဘေးရှောင်ရသည့်အထဲတွင် သက်ကြီးရွယ်အိုများနှင့် လသားအရွယ်ကလေးမိခင်များပါ ပါရှိပြီး ၎င်းတို့၏ ကျန်းမာရေးနှင့် စားဝတ်နေရေးအား စစ်ရှောင်များအား ကူညီသူများက စိုးရိမ်နေခဲ့သည်။ (Myikyinanews) (NMG)

ဧပြီလ ၁၁ ရက်နေ့တွင် ဖားကန့်မြို့နယ် အင်းတော်ကြီးအိုင် မြောက်ဘက် Lai Nawng Hku (လိုင်နောင်ခူး) ကျေးရွာဘက်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး တိုက်ပွဲကြောင့် လိုင်နောင်ခူး ကျေးရွာသား အယောက် ၁၅၉ဦး ချောင်းဝဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မြန်မာ့တပ်မတော်မှ ပိတ်ဆို့ခဲ့သည်။ ဧပြီလ ၁၅ ရက်နေ့တွင် အဆိုပါ စစ်ရှောင်များအား ရှမ်းနီပြည်သူ့စစ် စခန်းတွင်း၌ ၊ ကျား မ၊ သက်ကြီး ကလေး လူငယ် လူလတ် စသဖြင့် ခွဲခြား၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု မြောက်ပိုင်း မဟာမိတ်အဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ (NAB) ( Kachinnews )

ဧပြီလ ၁၂ ရက်နေ့တွင် ကချင်ပြည်နယ် အောင်လော့ဒ်ကျေးရွာ၊ ဆွတ်ရိယန်ကျေးရွာနှင့် ဆွတ်ရာ ကျေးရွာများရှိ ဒေသခံ ၂၀၀၀ ကျော်တို့သည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲကြောင့် ပိတ်မိနေခဲ့ပြီး ၎င်းတို့အား ကယ်ထုတ်နိုင်ရန်အတွက် ကချင်နှစ်ချင်းခရစ်ယာန်အဖွဲ့အချုပ်(KBC) မှ သိက္ခာတော်ရ ဆရာ Mung Dan မှ တနိုင်းဒေသကွပ်ကဲရေးမှူး ဒကစ သို့ သွားရောက်၍ အကူအညီတောင်းခံခဲ့ပြီး ဒေသကွပ်ကဲရေးမှူးမှ သူ့တွင် ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်းသာ ပြန်လည်ပြောကြားခဲ့သည်။ ( KachinNews )

ဧပြီလ ၁၄ ရက်နေ့တွင် ကချင်ပြည်နယ် အောင်လော့ဒ်ကျေးရွာ၊ ဆွတ်ရိယန်ကျေးရွာနှင့် ဆွတ်ရာ ကျေးရွာများရှိ ဒေသခံ ၂၀၀၀ ကျော်တို့သည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲကြောင့် ပိတ်မိနေခဲ့ပြီး ၎င်းတို့အား ကယ်ထုတ်နိုင်ရန်အတွက် တနိုင်းခရစ်ယာန်ဂိုဏ်းပေါင်းစုံ စစ်ဘေးရှောင်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီမှ ပြည်နယ် ဝန်ကြီးချုပ်ထံ စာဖြင့်ပေးပို့တောင်းဆိုခဲ့သည်။ ( KachinNews ) (RFA) (RFA)

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အောင်လော့ဒ်ကျေးရွာအနီး တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံ ၂၀၀၀ ကျော်ပိတ်မိနေခဲ့ပြီး ၎င်းတို့အား ကယ်ထုတ်ပေးရန် ကချင်ပြည်နယ် အစိုးရထံ ကချင် ပြည်နယ် အမျိုးသမီးများကွန်ရက်က တောင်းဆိုခဲ့သည်။ (Irrawaddy)

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အောင်လော့ဒ်ကျေးရွာအနီး တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံ ၂၀၀၀ ကျော် ပိတ်မိနေခဲ့ပြီး ပိတ်မိနေသူများ ကယ်ထုတ်နိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ကချင် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့(PCG)၊ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များ ဧပြီ ၁၇ ရက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ (Irrawaddy)

ဧပြီလ ၁၈ ရက်နေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဧည့်ခန်းမ၌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှူး ဗိုလ်ချုပ် ညီညီဆွေ ဦးဆောင်သော တပ်မတော်အရာရှိများ၊ မြစ်ကြီးနားနယ် ဂိုဏ်းအုပ် ကတ်သလစ် ဘာသာရေး အသင်းတော်မှ ဂိုဏ်းအုပ်ဆရာတော် ဖရန်စစ်ဒေါ်တန် ဦးဆောင်သောအဖွဲ့တို့ အပြင် ရပ်မိ၊ ရပ်ဖများ ၊ ကချင်ပြည်

နယ် ကြက်ခြေနီအသင်းဥက္ကဌတို့သည် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့ တိုက်ပွဲဖြစ်ပွားရာ ဒေသဖြစ်သည့် အောင်လော့ဒ် ကျေးရွာအတွင်း ပိတ်မိနေသော စစ်ဘေးရှောင်များအား လိုအပ်သောအကူအညီများ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ (TheLadies)

ဧပြီလ ၂၁ ရက်နေ့တွင် မိုးကောင်းမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် ရွာ ၂ ရွာမှ ဒေသခံ ၁ ထောင်ကျော် ထွက်ပြေးခဲ့ရပြီး နမ္မတီးမြို့ရှိ ဘာသာရေး ကျောင်းများတွင် ခိုလှုံခဲ့ရသည်။ **" အခု ဒီနမ္မတီးလမ်းခွ နှစ်ခြင်းဘုရားကျောင်းရောက်နေပြီး။ နမ္မတီး လမ်းခွက အသင်းတော်တွေ လူမှုကူညီရေးအဖွဲ့တွေ ကားနဲ့ လာကြိုတယ်။ အခု ရောက်လာတာ (၁၀၀၀)ဝန်းကျင်လောက် ရောက်နေပြီး ဒီမှာ။ နှစ်ရာသုံးရာလောက်က သူတို့တောထဲ အရင်ရှောင်ရှားပြီးမှ မြစ်ကြီးနားဘက် ထွက်သွားတယ်လို့ သတင်းတော့ရပါတယ်။ ကဆုန်ပြည်သူတွေက ရွာမှာတယောက်မှ မရှိတော့ဘူး။ အားလုံးက ခုက နမ္မတီးဘက်ကို ထွက်ပြေးကြတယ်။ အားလုံးခြေကျင်နဲ့ လမ်းလျှောက်နေတာ။ အခုက အဖွါးအိုတွေ ခြေထောက်ပြတ်တာတွေ ဘာတွေ။ မျက်မမြင်တာတော်တော်ဒုက္ခ ရောက်နေတာ။"** ဟုကဆုန့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဂွမ်လမှပြောခဲ့သည်။ (Irrawaddy) (VOA) (MyitkyinaNew)

မိုးကောင်းမြို့နယ် ဆွတ်မိုင်ကျေးရွာဘက်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ လက်နက်ကြီး ကျည်များ အသုံးပြု တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာဒေသခံ ၁၇၆ ဦး မြစ်ကြီးနားမြို့နယ်၊ နန့်ကျင်ကျေးရွာဘက်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး ဧပြီလ ၂၂ ရက်နေ့ နံနက် ၈နာရီ ခွဲအချိန့်ခန့်မှသာ နန်ကျင်ကတ်သလစ် အသင်းတော် ဓမ္မာရုံသို့ ရောက်ရှိခဲ့သည်။ (MyitkyinaNews)

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ တိုက်ပွဲကြောင့် နမ္မတီးမြို့ပေါ်သို့ တိမ်းရှောင်လာသည့် စစ်ဘေးဒုက္ခသည် တစ်ထောင်ကျော်သည် စားနပ်ရိက္ခာအပါအဝင် အရေးပေါ် အကူအညီများ လိုအပ်နေကြောင်း ကချင်အမျိုးသမီးသမဂ္ဂ စီမံကိန်းတာဝန်ခံ ဒေါ် ဆွတ်ဆိုင်းထွယ်မှ ပြောခဲ့သည်။ ရောက်ရှိလာသော စစ်ရှောင်ပြည်သူအရေအတွက် ကို Kachin Women's Unionမှ ပြုစုထားသော စာရင်းအရ အသက် ၁၈ နှစ်အောက် အမျိုးသမီး ၂၃၁ ဦး၊ အမျိုးသား ၂၄၄ ဦး၊ ၁၈နှစ်အထက် အမျိုးသမီး ၂၃၂ ဦး၊ အမျိုးသား ၂၁၄ ဦး၊ အသက် ၆၀ အထက် အမျိုးသမီး ၄၂ ဦး၊ အမျိုးသား ၃၉ ဦး၊ စုစုပေါင်း ၁၀၀၂ ဦးရှိပြီး အသက် ၂ နှစ်အောက် အရွယ် ကလေးသူငယ် ၁၆၀ကျော်ခန့် ဖြစ်သည်။ (7Day) (MyitkyinaNew)

ဧပြီလ ၂၄ ရက်နေ့တွင် ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်၁၆ မိုင်နှင့် ၁၇ မိုင်ကြားတွင်မြန်မာ့တပ်မတော်နှင့် KIA တို့ ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် စစ်ရှောင်ဒုက္ခသည်ဦးရေ ၁၅၀၀ ကျော်ရှိနေသည်ဟု အင်ဂျန်းယန်မြို့နယ် ဖွတ်မိုင်ရွာမှ ထွက်ပြေးလာသည့် ဒေသခံတစ်ဦးမှပြောခဲ့သည်။ (RFA) (RFA)

- **ကရင်ပြည်နယ်**

မတ်လ ၄ ရက်နေ့မှ စတင်ပြီး ကရင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား ဖြစ်ပွားခဲ့သော စစ်ရေးတင်းမာမှုများကြောင့် လယ်မူ ပလော ကျေးရွာအုပ်စု အပါအဝင် ကျေးရွာ အုပ်စု ၃ စုမှ ရွာပေါင်း ၁၂ ရွာရှိ လူဦးရေ ၂၄၀၀ ကျော်တို့ထွက်ပြေးနေရပြီး ထိုသူများထဲမှ မိသားစု ၃ စု (လူဦးရေ ၁၆ ဦး) ခန့်သည် ထိုင်းနိုင်ငံနယ်စပ် မယ့်စရီးယမ်းမြို့နယ်ရှိ မယ်ရာမူ ဒုက္ခသည် စခန်းသို့ ခိုလှုံခွင့်တောင်းခဲ့ရသော်လည်း မယ်ရာမူ ဒုက္ခသည်စခန်းမှ လက်မခံသဖြင့် အီတူးထ ဒုက္ခသည်စခန်းသို့ ပြန်သွားခဲ့ရသည်။ (Irrawaddy) (KIC)

မေ ၂၆ ရက်နေ့တွင် အင်ဂျန်းယန်မြို့နယ်ရှိ ကျေးရွာများမှ စစ်ရှောင် ၁၁၀၁ ဦး ထွက်ပြေး တိမ်းရှောင်လာခဲ့ပြီး မြစ်ကြီးနားမြို့နယ် တန်ဖရဲရွာရှိ ကက်သလစ် ဘုရားကျောင်းနှင့် ပလနရှိ တြီနတီ နှစ်ခြင်းဘုရားကျောင်းတို့၌ နေထိုင်နေခဲ့သည်။ (MyitkyinaNews)

မေလ ၂၇ ရက်နေ့တွင် အင်ဂျန်းယန်မြို့နယ်မှ စစ်ရှောင်လာသူများသည် ဝေ့ထော်ကျေးရွာ မလိခ မြစ်ကမ်းတွင် ရောက်ရှိနေပြီး ၎င်းတို့အား ဘာသာရေး ခေါင်းဆောင်များမှ သွားရောက်ခေါ်ယူခဲ့သော်လည်း ဝေ့ထော်ဂိတ်တာဝန်ရှိသူများက ခေါ်ယူခွင့် မပြုခဲ့သဖြင့် စက်လှေတစီးစာ လူနည်းစုကိုသာ ခေါ်ယူနိုင်ခဲ့သည်။ စစ်ရှောင်ပြည်သူ ၁၀၀ နီးပါးခန့်သည် ဝေ့ထော် ကျေးရွာတွင်သာ ဆက်လက်ကျန်ရှိနေခဲ့သည်။ (MyitkyinaNews)

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ပြည်သူအများအပြား စစ်ဘေးရှောင်နေရလျက်ရှိပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အဆိုပါ စစ်ဘေးရှောင်များဆီသို့ မူရင်းနေရပ်သို့ပြန်ရန်၊ စားနပ်ရိက္ခာများလည်း ထောက်ပံ့ပေးမည် ဖြစ်ကြောင်း၊ ကျေးရွာများအား ထိခိုက်မှုမရှိအောင် မြို့မိ မြို့ဖများ အုပ်ချုပ်ရေးမှူးများ ဘာသာရေး အသင်းအဖွဲ့များနှင့်ပူးပေါင်းဖွဲ့စည်း၍ ထိန်းသိမ်းထားရှိကြောင်း တို့ပါဝင်သော စာစောင်များ ဖြန့်ဝေခဲ့သည်ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူ တဦးမှ မီဒီယာများအား မေ ၂၈ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ (7day)

မေလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၆၁၀၀ ခန့် စစ်ရှောင်နေရပြီး ၂၈၀၀ ခန့်မှ မြစ်ကြီးနား နှင့် နမ္မတီးမြို့တို့ရှိ ဘာသာကျောင်းများတွင် ခိုလှုံနေခဲ့ သည်။ ၃၃၉၀ ခန့်မှာ လုံခြုံမှု မရှိသော နေရာများ၌ ပိတ်မိနေခဲ့သည်။ (Irrawaddy)

မေလ ၂၈ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA) ဌာနချုပ် လိုင်ဇာ အနီးရှိ စစ်ဘေးဒုက္ခသည်စခန်း မီးလောင်သဖြင့် အိမ်ထောင်စု ၁၆ စုမှ လူဦးရေ ၅၀ ခန့် မီး ဘေးသင့်ခဲ့ကြောင်း KIO ဗဟို ကော်မတီဝင် ဦးဒွဲပီဆားက ပြောခဲ့သည်။ (7day) (MyitkyinaNews)

မေလ ၂၉ ရက်နေ့ နေ့လည်ပိုင်းတွင် အင်ဂျန်းယန်မြို့နယ်၊ ဝေ့ထော်ကျေးရွာသို့ ရောက်ရှိနေသော စစ်ဘေးရှောင် ၂၈ ဦးအား မြစ်ဆုံအနီးရှိ တန်ဖရဲရွာသို့ ပို့ဆောင်ခဲ့ပြီး ကျန်ရှိသည့် ၁၁၉ ဦးအား ည ၇ နာရီကျော်တွင် ဆက်လက်ပို့ဆောင်ခဲ့သည်။ ( MyitkyinaNews)

**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**
**အတွဲ(၂)၊ အမှတ်(၇)၊ ဧပြီ ၂၀၁၈**

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ ဧပြီလအတွင်းဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ပိတ်မိနေသော ကချင်ဒေသခံများ ဘေးကင်းရာသို့ ရောက်ရှိရေးအား အမျိုးသားပြန်လည် သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အနေဖြင့် ကချင်ပြည်နယ်အစိုးရ နှင့် ညှိနှိုင်းပြီး ပြည်နယ် အစိုးရက ဒေသတွင်း အရပ်ဘက်ကိုယ်စားလှယ်များ၊ တပ်မတော်တာဝန်ရှိ သူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ (7day)

**လူ့အခွင့်အရေးချိုးဖောက်မှု**

မတ်လ ၂၃ ရက်တွင် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဖမ်းဆီးခံရသည့် ကလေးငယ်များအပါအဝင် နမ့်ခမ်းမြို့နယ် ဝါရော့ အောက်ရွာရှိ ဒေသခံ ၂၁ ဦးကို ငွေကြေးပေးပြီး ပြန်လည်ရွေးယူရသည်ဟု ဒေသ ခံဦးထွန်းရီမှ ပြောခဲ့သည်။ **"ငါးယောက်လောက်ကျန် သေးတယ်လို့ ပြောတယ်။ လွတ်လာတဲ့ လူတွေ ပိုက်ဆံပေးရတယ်။ ကလေးတွေအစောဆုံး လွတ်လာတယ်** ဟု ဦးထွန်းရီမှ ပြောခဲ့သည်။ လွတ်မြောက်လာသည့် ကလေးငယ်နှစ်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် Myanmar Institute for Peace and Security အလုပ်အမှုဆောင် ဒါရိုက်တာ ဒေါက်တာ မင်းဇော်ဦးမှ **"ကလေးမိဘတွေ ပြောတာကတော့ ပိုက်ဆံနဲ့ ပြန်ရွေးလာတာလို့ ပြောတယ်။ တချို့လူတွေက ပြောတော့လည်း ထွက်ပြေးလာတာလို့ပြောတာ ရှိတယ်။ ကလေးမိဘ ပြောတာက တစ်ယောက်ကို ၃၆ သိန်းပေးရတယ်လို့ ပြောတယ်။ ကျွန်တော်တို့ကတော့ Verify တော့ လုပ်လို့မရဘူး။ လုပ်လို့မရပေမယ့်ကျွန်တော်တို့ ကလေးတွေနဲ့ စကားပြောခဲ့တယ်။ ကျွန်တော်တို့စကားပြောခဲ့ရတဲ့ မိသားစုတွေ၊ ကလေးတွေကတော့ အဲဒီလိုမျိုးပြောတယ်"** ဟုပြောခဲ့သည်။ (7Day)

ဧပြီလ ၁ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်မိုင်းလန်းအုပ်စု ဝမ့်စန့်ဟန်ရွာအတွင်း မြန်မာ့တပ်မတော် ခမရ ၅၀၃ မှ အင်အား ၇၀ခန့် ဖြတ်သန်းသွားစဉ် မိုင်းပေါက်ကွဲသဖြင့် တပ်ကြပ်တဦးသေဆုံးပြီး တပ်သားတဦး ဒဏ်ရာရရှိခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် စစ်ကြောင်းမှ သေနတ်ပစ်ဖောက်ရာ ရွာသားများ ဘုန်းကြီးကျောင်းသို့ တိမ်းရှောင် ထွက်ပြေး ခိုလှုံခဲ့ရသည်။ **အခု ရွာသား ၃၀၀ ကျော်က ဆီဆုံဘုန်းကြီးကျောင်း ၊ မြို့ဘက်ကအမျိုးတွေအိမ်၊ နမ့်ယန်းရွာဘက်ကို အသီးသီး ထွက်ပြေးတိမ်းရှောင်နေတယ်။ တချို့လည်း ဟန်နား ဘက်သွားနေတယ် – ပြန်မလာသေးဘူး။ အိမ်ရှင်မရှိတဲ့ အိမ်တွေ ဆိုရင် သူတို့တက်ပြီးမွှေနှောက်ထားတာတွေရှိတယ်။ ကားတွေဘာတွေပစ္စည်းတွေကို ဖျက်ဆီးတာတွေ လည်းရှိတယ်-** ဟု ဆရာတော်တပါးမှ ပြောခဲ့သည်။ (ShanNew)

ဧပြီလ ၆ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် မင်းကုန်းကျေးရွာအုပ်စု နမ့်ခွန်ကျေးရွာအုပ်စု နမ့်ဖန်းကျေးရွာအုပ်စု (ဒေသခံအခေါ် မင်းကုန်းဒေသ) အတွင်းရှိ ဒေသခံများထံ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ငွေကြေးအဓမ္မတောင်းခံမှုများ ပြုလုပ်လျက်ရှိသောကြောင့် ဒေသခံများ အခက်ကြုံနေရကြောင်းတို့အား RCSS ပိုင် သတင်းဌာနဖြစ်သော TaiFreedom သတင်းတွင် ဖော်ပြခဲ့သည်။ (TaiFreedom)

ဧပြီလ ၉ ရက်နေ့ မနက်ပိုင်းတွင် ဖားကန့်မြို့နယ် Kahtan Yang ကျေးရွာ လယ်တော တစ်နေရာ၌ အလုပ်လုပ် နေထိုင်သော အရပ်သား ၈ ဦးကို မြန်မာ့တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများမှပြောခဲ့သည်။ **"ဖမ်းဆီးခံရသူတွေက အရပ်သားပြည်သူတွေပါ။ ကိုယ့် လယ်တောမှာ နွားကျောင်း၊ ဝက်မွေးမြူရင်း**

**စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြတာ ဖြစ်တယ်။ စစ်သားတွေက လက်နက်ကြီးတွေနဲ့ အင်အားကြီးတယ်။ အခုချိန်ထိ အဆက်အသွယ်မရသေးဘူး။ ၈ ယောက်ဆိုတော့ သူတို့ မိသားစုတွေ အခုချိန်မှာ စိုးရိမ်မှု တွေ ဖြစ်နေပါတယ်”** ဟု အဆိုပါ အမည် မဖော်လိုသူ ရွာသား မှပြောခဲ့သည်။ (KachinNew)

ဧပြီလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်ရှိ ခဲမွန်ရွာသား အသက် ၅၀ အရွယ် ရွာသားတဦး သေနတ်ဖြင့် ပစ်သတ်ခံရမှု ဖြစ်ပွားခဲ့သည်။ (Popular) (Taifreedom)

ဧပြီလ (၁၁) ရက်နေ့ ၊ နေ့လည် (၁၁)နာရီ (၁၅) မိနစ်ခန့်အချိန်တွင် အင်းတော်ကြီးဘက်မှ ဆန်ထမ်းပြီးပြန်လာသော Kantang Yang (ကထန်ယန်) ရွာသား (၁၀)ဦးနှင့် Loi Seng (လွယ်ဆိုင်) ရွာသား (၆)ဦးတို့အား မြန်မာ့တပ်မတော်မှ ဖမ်းဆီးခဲ့ကြောင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ (NAB)

ဧပြီလ ၁၇ ရက်နေ့ နံနက် ၉ နာရီခန့်အချိန်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့နယ် ပန်တဝိကျေးရွာအုပ်စု ပေ့ွနိမ့်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း စိုင်းလွန်းအား ကွန္တမာဦးဆောင်သော ပြည်သူ့စစ်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ညာလက်ထိမှ ဒဏ်ရာ ၁ ချက်၊ ဝမ်းဗိုက်ကျည်ဆန်ထိမှန် ဒဏ်ရာ ၂ ချက် ပြင်းထန်စွာ ရရှိခဲ့ပြီး ပြည်သူ့ဆေးရုံသို့ တက်ရောက် ဆေးကုသမှု ခံယူနေခဲ့သည်။ (Taifreedom)

မတ်လအတွင်း တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့မှ မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဝါယော့ရွာသားများနှင့် နောင်အယ်ရွာသား ၂၀ ကျော်ကို မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်ဟုဆိုကာ ဖမ်းဆီး ခေါ်ဆောင် သွားခဲ့ပြီး အချို့ကို ပြန်လွှတ်ပေးပြီဖြစ်သော်လည်း အချို့ ကိုမူ ပြန်လွှတ်ပေးသေးခြင်းမရှိဟု ဒေသခံများမှ ဧပြီလ ၂၁ရက်နေ့တွင် ပြောဆိုခဲ့သည်။ TNLA ဘက်မှ ဖမ်းဆီးခြင်းမရှိကြောင်း၊ ပြန်ကြားရေးမှူး တာအိုက်ကျော်က **"အဲရက်တွေက အဲဘက်မှာ ပန်းဆေးပြည်သူ့စစ်တွေ တော်တော်လေး လှုပ်ရှားနေတဲ့ အချိန်ဖြစ်တယ်။ ကျွန်တော်တို့အဖွဲ့ အဲမှာမရှိခဲ့ဘူး။ ဘယ်သူ့ကိုမှ ဖမ်းသွားတာမျိုး မရှိဘူး"** ဟု ပြောခဲ့သည်။ (MarnagarNew)
မတ်လ ပထမအပတ်တွင် ဖြစ်ပွားခဲ့သည့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် နမ္မတူမြို့ ဗုဗ္ဗာရုံကျောင်းတွင် ခိုလှုံနေခဲ့ရပြီး ပန်ကွတ်ရွာနှင့် နားတီးကျေးရွာဒေသခံများသည် RCSS ၏ ခြိမ်းခြောက်မှုကို ခံရကြောင်း ပြောဆိုခဲ့သည်။ **"ပြီးခဲ့တဲ့ ၉ ရက်နေ့က ကျွန်တော်တို့ ရွာသားတွေ ရွာပြန်ဖြစ်တယ်။ အဲဒီနေ့မှာပဲ သူတို့စခန်းကို မီးလောင်သွားတယ်။ အဲဒါကို ကျွန်တော်တို့က TNLA အဖွဲ့ခေါ်လာတယ်ဆိုပြီး ပြောတယ်။ ပြီးတော့ TNLA က သူတို့ကို လာပစ်ရင် ရွာလူအကုန်ပစ်မယ်တဲ့။ ဖြစ်ချင်တော့ အဲနေ့မနက်မှပဲ တိုက်ပွဲဖြစ်တော့ ကျွန်တော်တို့ ထပ်ထွက်ပြေးလာခဲ့ရတယ်"** ဟုအသက် ၅၀ ကျော်အရွယ် ပန်ကွတ်ရွာ အမျိုးသားတစ်ဦးမှပြောခဲ့သည်။ (MarnagarNew)

ဧပြီလ ၂၈ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၊ တုံလောကျေးရွာအုပ်စု ပန်လော့ကျေးရွာ မြောက်ဘက်၌ သေနတ်ပစ်ခတ်ခံထားရသည့် ကားတစီး တွေ့ရပြီး အဆိုပါကားအား မြန်မာ့တပ်မတော်မှ ပစ်ခတ်ခဲ့သည်ဟု RCSS ပိုင် Taifreedomသတင်းဌာနမှသတင်းဖော်ပြခဲ့သည်။ (Taifreedom) (Taifreedom)

## မြေမြှုပ်မိုင်း

- **ဒဏ်ရာရ**

ဧပြီ ၄ ရက် ညနေ ပိုင်းတွင် ဖားကန့်မြို့နယ်၊ ဝါရာဇွပ်ကျေးရွာအုပ်စု၊ အောင်ရာကျေးရွာနေ ဦးလဂွမ်တူးဂျာ(ဘ) ဦးလဂွမ်လရိန်သည် ဘန်ကောက်ကျေးရွာအနီးရှိ တောအတွင်းသို့ ဝါးခုတ်ရန် သွားရောက်စဉ် ကျေးရွာ၏အနောက်ဘက် ၃ မိုင်ခန့် အကွာသို့ အရောက်၌ တိုက်မိုင်း တစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ (Military)

ဧပြီလ ၈ ရက် ညနေ ၄ နာရီခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်နေ ဦးလယ်မယ်ဖူး(ဘ) ဦးလွန်းအောင်သည် တစ်ရပ်ကွက်တည်းနေ ဦးယောဟန်၊ ဦးငွါးဆီး၊ ဦးညီချီလေး တို့နှင့်အတူ တောထဲသို့ ဆေးမြစ်ရှာရန် ထွက်ခွာလာစဉ် ပလန(၁) ကျေးရွာ၏တောင်ဘက် မီတာ ၆၀၀ ခန့်အကွာသို့ အရောက်၌ နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲရာ ဦးလယ်မယ်ဖူးသည် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ (Military)

ဧပြီလ ၁၇ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် ကချင်ပြည်နယ် တနိုင်းမြို့၊ မိုင်ခွန်ကျေးရွာနေ ဦးထွန်းအေး(ဘ) ဦးသာမြအောင်သည် တောအတွင်းသို့ ထင်းခုတ်ရန်သွားရောက်စဉ် ကျေးရွာ၏ အနောက်တောင်ဘက် ၄ မိုင်ခန့် အကွာသို့အရောက်၌ နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး တနိုင်းမြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေခဲ့သည်။ (Military)

မေပြီ ၁၈ ရက်တွင် မူစယ် စက်မှုဇုံ တွင် ဗုံးတလုံး ပေါက်ကွဲခဲ့ပြီး ၊ ဧပြီ ၁၉ ရက်တွင်လည်း ပြည်ထောင်စု လမ်းမကြီး အင်းဝဘဏ် အနီးရှိ အမှိုက်ပုံ၌ အသံဗုံးတလုံးပေါက်ကွဲခဲ့သည်။ (ShanNews) (Taifreedom)

ဧပြီ ၁၈ရက်နေ့ မနက်ပိုင်း၉နာရီအချိန်ခန့်တွင် ကျောက်မဲမြို့နယ် ခွန်ငင်းရွာသားတစ်ဦးဖြစ်သူ ဦးအိုက်ယု (၄၇နှစ်) သည် ရွာနှင့် ၃မိုင်ခန့်ကွာဝေးသည့် လက်ဖက်ခြံထဲသို့ လက်ဖက်သွား ခူးရာမှ မိုင်းနင်းမိပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ Managar

ဧပြီလ ၂၀ ရက်၊ နေ့လည် ၁၂ နာရီခန့်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့၊ မိုင်ခွန်ကျေးရွာနေ ဦးစိုးမိုးအောင်(ဘ) ဦးချိုကြိုင် သည်တာအတွင်းမှ ထင်းခုတ်ပြန်လာစဉ် ကျေးရွာ၏ တောင်ဘက် ၃ မိုင်ခွဲခန့် အကွာသို့ အရောက်၌ နင်းမိုင်းတစ်လုံးအား နင်းမိ ပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။ (Military)

ဧပြီ ၂၅ ရက် နေ့လည် ၂ နာရီခန့်တွင် ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နေအိမ်မှ ထင်းခုတ်ရန် ထွက်လာစဉ် ကျေးရွာ၏ တောင်ဘက် ၁ မိုင်ခွဲခန့် အကွာသို့ အရောက်၌ နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။ (Military)

ဧပြီလ ၂၅ ရက်နေ့ည ၈:၃၀ အချိန်တွင် နမ့်ဆန်မြို့မှ မန်စံဘက်သို့ မောင်းနှင်လာသည့် ကား ၁ စီးသည် နမ့်ဆန်မြို့နယ် မန်ငိုင်းအောက်ရွာနှင့် နမ့်တောင်းတံတားကြားတွင် ရောက်ရှိစဉ် မိုင်း ၂ လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ၊ ထိုပေါက်ကွဲမှုကြောင့် သောက်ကျားဆု (တရုတ်လူမျိုး) နှင့် ယာဉ်မောင်းဖြစ်သူ ကိုအောင်ဆန်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ဒေသသည် ပလောင်လက်နက်ကိုင် (TNLA) တပ်ဖွဲ့၏ တပ်ရင်းအမှတ် ၉၁၉ နှင့် ၈၁၈ တို့ ပူးပေါင်း လှုပ်ရှားသည့် နယ်မြေဖြစ်ပြီး လွန်ခဲ့တဲ့နှစ်ကလည်း ထိုဒေသတစ်ပိုက်အတွင်း TNLA မှ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ဖူးကြောင်း ဒေသခံများမှပြောခဲ့သည်။ (TaiFreedom)

ဧပြီလ ၂၆ ရက်နေ့ နေ့လည်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုး-မူဆယ် ပြည်ထောင်စု ကားလမ်းမကြီးဘေး၌ မိုင်းတွေ့ရှိကြောင်း သတင်းပေးပို့ချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မူဆယ်မြို့နယ် တုံကန်ရွာ၏ မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ ကားလမ်းဘေး ကမ်းပါးယံစောင်း၌ အလျား ၈ လက်မ၊ အနံ ၄ လက်မခန့်ရှိ ရှေ့ထွက်ရီမုမိုင်း နှစ်လုံးအား တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းအား သက်မဲ့ဖြစ်အောင် ပြုလုပ်ခဲ့သည်။ (Military) (TheLadies) (Popular)

ဧပြီလ ၃၀ ရက်နေ့ နံနက် ၈ နာရီခန့်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့၊ မိုင်ခွန်ကျေးရွာနေ ဦးထွန်းလှိုင်ကျော်(ဘ) ဦးသိန်းအောင်သည် နေအိမ်မှ ထင်းခုတ်ရန်ထွက်လာစဉ် ကျေးရွာ၏ တောင်ဘက် ၅ မိုင်ခွဲခန့် အကွာသို့ အရောက်၌ နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့ပြီး တနိုင်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူနေခဲ့သည်။ (Military) (DVB)

- **အခြား**

ဧပြီလ ၄ ရက်နေ့တွင် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)မှ ကချင်နှင့် ရှမ်းပြည်နယ်၌ မိုင်းအန္တရာယ်ကာကွယ်ရေး နှင့် သက်ဆိုင်သည့် လုပ်ငန်းများအတွက် တစ်နှစ်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၅ သန်းပံ့ပိုးခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ (7Day) (UNOCHA)

## တွေ့ဆုံဆွေးနွေးမှု

ဧပြီလ ၆ရက်နေ့တွင် လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရရုံး၌ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) အပါအဝင် အစိုးရ ကိုယ်စားလှယ်များနှင့် KNPP ကိုယ်စားလှယ်များတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲမှတဆင့် ကယားပြည်နယ်အစိုးရ ၊ ပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့ လစဉ် တွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့ကြောင်း အစိုးရနှင့် KNPP ကိုယ်စားလှယ်များမှ ပြောခဲ့သည်။ **"ပြည်နယ်အစိုးရမှာလည်း ပြောင်းသွားတာရော၊ လုံနယ်ဝန် ကြီးပြောင်းသွားတာရော လူ ပြောင်းသွားတဲ့အခါ ရင်းနှီးမှုကွာ သွားတာလည်း ပါတာပေါ့။ ပြည် နယ်အစိုးရနဲ့ ပုံမှန်ဆက်ဆံရေး တွေလုပ်ဖို့၊ အစည်းအဝေးတွေ တစ်လတစ်ကြိမ်လုပ်ဖို့ အဲဒါတွေ ညှိပေးခဲ့ပါတယ်"**ဟု ဒုတိယဗိုလ် ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)မှ ပြောခဲ့သည်။ တရားဝင်ဆွေးနွေး ပွဲကို သင်္ကြန်အပြီး ဧပြီ ၂၃ ရက်ဝန်း ကျင်တွင် ကယားပြည်နယ် လွိုင် ကော်မြို့၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ **"သင်္ကြန်အပြီး ဧပြီ ၂၀ ကျော်ဝန်းကျင်မှာ တရားဝင်ဆွေးနွေးပွဲ လုပ်မယ်။ အဲဒါကို ဒီနေ့ညှိတယ်။ ဆွေးနွေးမယ့် ခေါင်းစဉ်တွေ ညှိ တာပေါ့"**ဟု နိုင်ငံတော် အတိုင်ပင် ခံရုံးဝန်ကြီးဌာန ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ (7Day) (7Day)

ဧပြီလ ၂၀ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၌ အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ၁၀ ဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် အစိုးရ၏ ငြိမ်းချမ်း ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း နှင့် NCA-S EAO နိုင်ငံရေးကဏ္ဍဆိုင်ရာ အလွတ်သဘောဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်း (KNU) တို့မှ အဖွင့်အမှာစကားများပြောကြားခဲ့သည်။ (TaiFreedom)

ဧပြီလ ၂၁ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၌ အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း ၁၀ ဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့သည်။ အလွတ်သဘောဆွေးနွေးပွဲ၌ လာမည့် ၂၁ ရာစုပင်လုံတတိယ အစည်းအဝေးတွင် သဘောတူညီချက်ချမှတ်နိုင်ရေး ညှိနှိုင်းသော်လည်း ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်း မရှိသေး၍ လာမည့် မေလ ၁၀ နှင့် ၁၅ ရက်ကြားတွင် ထပ်မံညှိနှိုင်း ရန် ချိန်းဆိုခဲ့သည်ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ ပြောခဲ့သည်။ **"ဒီကဏ္ဍနှစ်ခုစလုံး အလွတ် သဘောပြန်တွေ့နိုင်အောင်ပေါ့။ မေလကုန်မှာ ၂၁ ရာစုပင်လုံဖြစ်ဖို့ အတွက် တက်သုတ်ရိုက်ပြီး ပြင် ဆင်နေတဲ့ သဘောပါပဲ"**ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ ပြောခဲ့သည်။ (7Day)

တစ်နိုင်ငံလုံးပစ် ခတ်တိုက်ခိုက်မှု ရပ်စဲရေးသ ဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးနိုင်ရေး အစိုးရနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့၏ ပထမအကြိမ် တရားဝင်ဆွေးနွေးပွဲကို လွိုင်ကော်မြို့၌ ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်နေ့ထိ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် အစိုးရဘက်က အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုဥက္ကဋ္ဌပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေး ကော်မရှင် ဥက္ကဋ္ဌဒေါက်တာတင်မျိုးဝင်း၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် တာဝန်ရှိသူများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ တက်ရောက်ခဲ့ သည်။ KNPP ဘက်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး ဦးဆောင်သည့် ကိုယ်စားလှယ် ကိုးဦးတက်ရောက်ခဲ့သည်။ ထို့အပြင် NCA လက်မှတ်ထိုးရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ဘာသာရေးခေါင်းဆောင်များလည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ နှစ်ရက်ကြာတွေ့ဆုံပွဲအပြီးတွင် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပြီး တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် NCA မှာ ပါဝင်လက်မှတ် မရေးထိုးခင် နှစ်ဖက်တပ်များ၏ သွားလာ ဆက်သွယ်မှုများအား ပြည်နယ်အဆင့်တွက် ညှိနှိုင်းရန်၊ ပြည်နယ်အစိုးရနှင့် KNPP ကြား ပုံမှန်တွေ့ဆုံရန်၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် ဆက်ဆံရေးတာဝန်ခံများ

ပြန်လည်ထားရှိရန် စသည့်အချက်များ ကြေညာချက်တွင် ပါဝင်ခဲ့သည်။ (7DAY) (THELDIES) (MIZZIMA) (SCOFFICEENG) (SCOFFICE) (IRRAWADDY) (MOI) (MOI) (RFA) (KNPP)

## အစည်းအဝေးများ

### UPDJC

ဧပြီလ ၂ ရက်နေ့၊ နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေး၌ အစိုးရဘက်မှ **ကရင်ပြည်နယ်အတွင်းရှိ မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေ ၃ နေရာ၌ ပြုလုပ်မည့် မွန်ပြည်သစ်ပါတီ၏ လူထုတွေ့ဆုံပွဲများအတွက် လူဦးရေ ၄၀ ဦးခန့်ဖြင့် တစ်နေရာ ၂ ရက်တာ ပြုလုပ်သွားရန်အတွက်** မွန်ပြည်သစ်ထံ ထပ်မံအဆိုပြုခဲ့သည့်အပေါ် မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ EC အရေးပေါ်အစည်းအဝေး ပြုလုပ်နေသဖြင့် ပြန်လည်အကြောင်းပြန်မည်ဖြစ်ပြီး၊ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ဝယ်ဇင်ရွာနှင့် ညီစားရွာတို့၌ မွန်ပြည်သစ်ဦးဆောင်ပြုလုပ်မည့် လူထုတွေ့ဆုံပွဲများကို လူဦးရေကန့်သတ်မထားခဲ့ကြောင်း မွန်သတင်းအေဂျင်စီမှ သတင်းဖော်ပြခဲ့သည်။ အစည်းအဝေးသို့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်သစ်ပါတီ ခေါင်းဆောင်များနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UNDJC အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (MonNews) (SC Office) (RFA) (DVB) (TheLadies)

ဧပြီလ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC)မှ ဦးဆောင်ပြီး Public Consultation လူထုတွေ့ဆုံပွဲအား သုံးရက်ကြာပြုလုပ်မည် ဖြစ်သော်လည်း အာဏာပိုင်များမှ လာရောက်ဟန့်တားခဲ့သဖြင့် ဧပြီလ ၂၅နှင့် ၂၆ ရက်နေ့များတွင်ပြုလုပ်မည့် တွေ့ဆုံ ဆွေးနွေးပွဲမှရရှိလာသည့် အချက်အလက်များ၊ စာတမ်းများအား စုစည်းခြင်းနှင့် အုပ်စုဖွဲ့ပြန်လည်ဆွေးနွေးပြီး ဘုံသဘောထားများ ရယူခြင်း အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ ဧပြီလ ၂၄ ရက်နေ့တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် စသည့် ကဏ္ဍကြီး ၄ ရပ်အား ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ရောဝတီ၊ ရန်ကုန်စသည့် တိုင်းဒေသ ကိုယ်စားလှယ်များ အပါအဝင် လူဦးရေ ၁၀၀ ကျော် ခန့် တက်ရောက်ခဲ့သည်။ (KIC)

### NCA EAOs

ဧပြီလ ၅ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ NCA လက်မှတ်ထိုးအဖွဲ့ထိပ်သီးခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကိုပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် NCA နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်အား အတူတကွ ပူပေါင်းအကောင်အထည် ဖော်နိုင်ရေးအား ဆွေးနွေးခဲ့ပြီး၊ အစည်းအဝေးသို့ NCA အပစ်ရပ် ၈ ဖွဲ့ဖြစ်သည့် ကရင်အမျိုးသား အစည်းအရုံး KNU၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ RCSS၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး ABSDF၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် PNLO၊ ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ ALP၊

ဒီမိုကရေစီ အကျိုးပြု တပ်မတော် DKBA၊ ချင်းအမျိုး သားတပ်ဦး CNF နှင့် ကရင် ငြိမ်းချမ်းရေးကောင်စီ KNLA/PC မှ ခေါင်းဆောင်ကိုယ်စားလှယ် ၃၀ ခန့် တက်ရောက်ခဲ့သည်။ (7Day) (NMG) (Tai Freedom) (7Day)

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြုလုပ်ခဲ့သော NCA လက်မှတ်ထိုးအဖွဲ့ ထိပ်သီးခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့နေမှုကို ကျော်လွှားနိုင်ရေး အစိုးရနှင့် အလွတ်သဘော ဆွေးနွေးရန် ကရင်အမျိုးသားအစည်းအရုံး (KNU) ဒုဉက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းဦးဆောင်သည့် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း ရခိုင်လွတ်မြောက်ရေး ပါတီ(ALP)ဒုဉက္ကဋ္ဌ ခိုင်စိုးနိုင်အောင်မှ ပြောခဲ့သည်။ **"အလွတ်သဘောဆွေးနွေး ပွဲတွေက နိုင်ငံရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေရှိတယ်။ လုံ ခြုံရေးနဲ့ ပတ်သက်တဲ့အကြောင်း အရာတွေရှိတယ်။ အဲဒီကိစ္စတွေ ကို ဆွေးနွေးမယ်၊ လုံခြုံရေးနဲ့ပတ်သက်ပြီး ပြန်လည်ပေါင်းစည်းတဲ့အခါမှာ တစ်စုံတစ်ရာယုံကြည်မှုမရခင်မှာ ကျွန်တော်တို့က လက်နက်ကို စွန့်ဖို့၊ တပ်မတော်တစ်ခုတည်းထားဖို့ ဆိုတာ ချက်ချင်းမဖြစ်နိုင်သေး ဘူးထင်တယ်လေ။ အဲဒါကိုလည်း တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့ အစည်းတွေက ဆွေးနွေးကြမယ် ထင်တယ်"** ဟုခိုင်စိုးနိုင်အောင်မှ ပြောခဲ့သည်။အစည်းအဝေးတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ၂၁ ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်စွာ ပြုလုပ်နိုင်ရေးနည်းလမ်း ရှာရန် ဆုံးဖြတ်ခဲ့ကြောင်း PPST အဖွဲ့ဝင်ဗိုလ်မှူးကြီးခွန်ဉက္ကာမှ ပြောခဲ့သည်။ (7Day)

## ဆန္ဒထုတ်ဖော်မှုများ

ဧပြီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံဘေး၌ ပြည်တွင်းစစ်တွေရပ်စဲပြီး ဖက်ဒရယ်ပြည်ထောင်စု အမြန် ပေါ် ထွန်းရေး အတွက် Freedom Fighter အဖွဲ့ဝင် ၂၀ခန့်သည် ဆန္ဒပြတောင်းဆိုခဲ့သည်။ (RFA)

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ပိတ်မိနေသည့် ပြည်သူများအား အမြန်ဆုံး လွတ်မြောက်နိုင်ရေး အတွက် မြစ်ကြီးနားမြို့ရှိ ဒေသခံ ၃၀၀၀ ကျော်တို့သည် ဧပြီလ ၂၉ ရက်နေ့ နံနက် ၈ နာရီမှ စတင်ပြီး ဆန္ဒထုတ်ဖော်ခဲ့သည်။ (MyitkyinaNews)

ဧပြီလ ၃၀ ရက်နေ့တွင် ကချင်လူငယ်များမှ ဦးဆောင်ပြီး လူထုအင်အား ၅ ထောင်ခန့်သည် တိုက်ပွဲအတွင်း ပိတ်မိနေသော ပြည်သူများ လွတ်မြောက်ရေးအတွက် မြစ်ကြီးနား မြို့ပတ်ကာ ဆန္ဒထုတ်ခဲ့ပြီး ထိုင်သပိတ်စခန်းချ၍လည်း တောင်းဆိုနေခဲ့သည်။ (Irrawaddy) (KachinYouthMovement) (BBC) (7day) (7day) (MyitKyiNaNews) (MyitKyiNaVedio)

ဧပြီလ ၃၀ ရက်နေ့တွင် ကချင်ပြည်နယ်ရှိ မြို့နယ်တော်တော်များများ၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ပိတ်မိနေသော စစ်ရှောင်များအား အမြန်ဆုံးပြန်လည် လွတ်မြောက်ရေးလှုပ်ရှားရန် ဖွင့်ထားသည့် သပိတ်စခန်းအား ပြည်နယ်ဝန်ကြီးချုပ် လက်မှတ်ဖြင့် ခွင့်မပြုကြောင်း စာထုတ်ပြီး တားမြစ်ခဲ့သည်။ (RFA) (KachinYouthMovement) (Kachinnews)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

- **EAOs**

၅၄ နှစ်မြောက် သျှမ်းပြည်တပ်မတော် မွေးနေ့အထိမ်းအမှတ်ကို သျှမ်းပြည်တိုးတက်ရေးပါတီမှ ဦးစီးပြီး သျှမ်းပြည် တောင်ပိုင်း ကျေးသီးမြို့နယ်အတွင်းရှိ ဖမ့်ဟိုင်းဌာနချုပ်တွင် အခမ်းအနားပြုလုပ်ရာ မဟာမိတ်တပ်များတက်ရောက်ခဲ့ သည်။ အခမ်းအနားသို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် (RCSS/SSA) မှ ကိုယ်စားလှယ်များ၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSA ကိုယ်စားလှယ်များ၊ မိုင်းလားတပ်ဖွဲ့ NDAA ကိုယ်စားလှယ်များ ၊ သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD မှကိုယ်စားလှယ်များ၊ သျှမ်း တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ **"ဒီနှစ်တော့ ထူးခြားတယ်။ ကျနော်တို့မဟာမိတ် တပ်တွေတက် ရောက်လာကြတယ်။ ဝ UWSA ကကိုယ်စားလှယ် စိုင်းဆမ်လာတယ်။ မိုင်းလား NDAA ကိုယ်စားလှယ် ဗိုလ်မှူးကြီး စဝ်ဆိုင်လား လာတယ်။ ကျားဖြူပါတီက စိုင်းခင်အုန်းနဲ့ RCSS/SSA ကိုယ်စာလှယ် ဗိုလ်မှူးကြီး စဝ်အောင်မြ တို့တက်ရောက်တယ်။ ပွဲက မှန်းထားတာထက်ပိုကြီးသွားတယ်။ ဒါကကျနော်တို့စည်းလုံးမှု အပြသဘောဆောင်တဲ့ လက္ခဏာပြတယ်။ ကောင်းတဲ့ရလာဒ်တော့ရလာမှာပါ"**- ဟု SSPP/SSA ၏ အတွင်းရေးမှူး ၂ ဒုတိယဗိုလ်မှူးကြီးစိုင်းဆု မှ ပြောခဲ့သည်။ (ShanNew) (7Day) (MarnagarNew)

- **CSOs**

ဧပြီလ ၄ရက်နေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် တအန်းစာပေနှင့်ယဉ်ကျေးမှုခန်းမတွင် နိုင်ငံတကာ မိုင်းလှုပ်ရှားမှု အခမ်းအနားကို ပြုလုပ်ခဲ့သည်။ တိုက်ပွဲအတွင်း ဒေသခံပြည်သူများ မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာ သေဆုံးမှုများ မကြာခဏ ဖြစ်ပေါ်နေမှု ကြောင့် အစိုးရတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မြေမြုပ်မိုင်းသုံးစွဲမှု လျှော့ချနိုင်စေရန် ရည်ရွယ်ပြီး အခမ်းအနားအား တအာင်းကျောင်းသားများနှင့် လူငယ်အဖွဲ့များမှ ဦးစီးဦးဆောင်  ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပွဲစီစဉ် ဆောင်ရွက်သူ တစ်ဦးဖြစ်သူ လွေးအေးထွေးမှ **"မိုင်းကွဲတာက အဓိကက ဒီတအာင်းဒေသမှာ ပိုအဖြစ်များလာနေတယ်။ ပြီးခဲ့တဲ့ ၂၀၁၇တစ်နှစ်ထဲ စရင်းရထားတာက ၄၃ယောက်ရှိတယ်။ ဒါက တအာင်းသီးသန့်ပဲ။ ပြီးတော့ စရင်းမရသေးတာတွေရော ရှိသေးတယ်"**ဟု ပြောခဲ့သည်။ အခမ်းအနားသို့ လူဦးရေ ၁၅၀ကျော် တက်ရောက်ခဲ့ပြီး မိုင်းထိလူနာ၏ ကိုယ်တွေ့အဖြစ်အပျက်များ၊ မိုင်းအသိပညာပေးပြောခြင်း၊ ပြဇာတ်နှင့် ရိုးရာအကအစီအစဉ်များ ပြုလုပ်ခဲ့သည်။ (Marnagar)

ဧပြီလ ၂၇ ရက်နေ့မှ ၂၉ရက်နေ့အထိ ကရင်ပြည်နယ် ဖားအံ့မြို့၌ ဆဋ္ဌမအကြိမ်မြောက်တိုင်းရင်းသားညီလာခံကို ပြုလုပ်ခဲ့သည်။ ညီလာခံသို့ ပြန်ကြားရေးဝန်ကြီး၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် နိုင်ငံရေးပါတီတို့ တက်ရောက်ခဲ့ပြီး တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ ရန်ကုန်အခြေစိုက်မီဒီယာများ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ နှင့် ပြည်နယ်ကိုယ်စားပြု အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း (၂၀၀) ခန့် တက်ရောက်ခဲ့သည်။ ညီလာခံအပြီးတွင် ဆုံးဖြတ်ချက် ၃ ချက်၊ တောင်းဆိုချက် ၄ ချက်ပါသော ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။  (Marganar)

- **GOV**

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၁၀ ရက်နေ့တွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၌ ငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်ခဲ့သည်။ အပြည့်အစုံအား အောက်ဖော်ပြပါ လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ (VOA)

- **JMC**

ဧပြီလ ၇ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၌ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (တနင်္သာရီ)] ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေး၌ ဒေသအတွင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များအား အသေးစိတ် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဧပြီ အတွင်းတွင် ပုလောမြို့နယ်နှင့် သရက်ချောင်းမြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားရန်နှင့် အားကစားပြိုင်ပွဲများပါ ပူးတွဲ လုပ်ဆောင်ပြီး လူထု အသိပညာပေးရေး လုပ်ငန်းများ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။ အစည်းအဝေးသို့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် အရပ်သား အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြသည်။ (JMC)

ဧပြီလ ၁၀ ရက်နေ့တွင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၌ တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) သည် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် NCA ပါ အကြောင်းအရာများ၊ JMC ဆိုင်ရာ အကြောင်းအရာများ၊ အရပ်သားပြည်သူကို အကာအကွယ်ပေးခြင်းဆိုင်ရာ အကြောင်းအရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုများ တွေ့ရှိပါက တိုင်ကြားရမည့် လုပ်ငန်းစဉ်များ၊ နစ်ဖက်တပ်များ လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ (COC) ကို ရှင်းလင်း ပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ ပဝတ်ဖျားကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု စုစုပေါင်း (၆၀၀) ဦးခန့် ပါဝင် တက်ရောက်ခဲ့သည်။ ( JMC )

ဧပြီလ ၁၀ ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (မွန်)] ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကြိုတင်ညှိနှိုင်း အစည်းအဝေး ပြုလုပ်ခဲ့သည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် JMC-S (ကရင်) အတွင်းရေးမှူး (၁) ပဒိုစောရွှေမောင်းက ရေးမြို့နယ်အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားရေးကိစ္စတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ KNU အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်ရေး အတွက် အလားတူ အခက်အခဲအချို့ ကြုံတွေ့နေရပြီး JMC-S ဥက္ကဋ္ဌမှ တစ်ဆင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းစေလိုပါကြောင်း ပြောကြားခဲ့သည်။ JMC-S (မွန်) ၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးသို့

ကော်မတီဝင် (၁၃) ဦး၊ JMC-S (ကရင်) အတွင်းရေးမှူးနှင့် လေ့လာသူများ တက်ရောက်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လုပ်ငန်းများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။ (JMC)

ဧပြီလ ၁၁ ရက်နေ့တွင် တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၌ တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် JMC ဆိုင်ရာ အကြောင်းအရာများ၊ အရပ်သားပြည်သူကို အကာအကွယ်ပေးခြင်းဆိုင်ရာ အကြောင်းအရာများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအပေါ် ချိုးဖောက်မှုများ တွေ့ရှိပါက တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်များ၊ နှစ်ဖက်တပ်များ လေးစား လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို အသေးစိတ် ရှင်းလင်း ပြောခဲ့သည်။ သရက်ချောင်း မြို့နယ်၊ အက်အက်ကျေးရွာတွင် ပြုလုပ်သော JMC-S (တနင်္သာရီ) နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲသို့ အက်အက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု စုစုပေါင်း (၅၀၀) ခန့် ပါဝင်တက်ရောက်ခဲ့သည်။ တက်ရောက်လာသူများကို JMC ဆိုင်ရာ စာအုပ်စာတမ်းများလည်း ဖြန့်ဝေပေးခဲ့သည်။ (JMC)

ဧပြီလ ၂၁ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒုကျေးရွာသို့ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ကရင်)] အဖွဲ့ဝင်များသွားရောက်၍ ဒေသခံ ပြည်သူလူထုအား တွေ့ဆုံခဲ့ပြီး၊ တွေ့ဆုံပွဲတွင် JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁) မှ ကော်မတီဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးခဲ့သည်။ JMC-S (ကရင်) အဖွဲ့ဝင်များက JMC ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ NCA ပါ အကြောင်းအရာများ၊ နှစ်ဖက်လေးစား လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ (COC) ၊ အရပ်သား ပြည်သူကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အငြင်းပွားမှုများနှင့် စည်းကမ်း ချိုးဖောက်မှုများ အတွက် တိုင်ကြားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့သည်။ (JMC)

ဧပြီလ ၂၃ ရက်နေ့တွင် ပဲခူးတိုင်း၊ တောင်ငူမြို့၌ ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ [JMC-S (ပဲခူး)] ၏ (၁၄) ကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ပဲခူး) ဥက္ကဋ္ဌ၊JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၁)၊JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၂)တို့မှ နှုတ်ခွန်းဆက်စကားများပြော ကြားခဲ့ပြီး၊ ခေးပူ - လွယ်မူပလော လမ်းဖောက်လုပ်မှုနှင့်ပတ်သက်၍ တိမ်းရှောင်လျက်ရှိသည့် ဒေသခံရွာသူရွာသား များ၏ရိက္ခာများ ပြန်လည်ယူဆောင်လိုကြောင်းနှင့် ကွယ်လွန်သူ စောအိုမူး၏ မိရိုးဖလာသင်္ဂြိုလ်မည့်ကိစ္စနှင့် ပဲခူးတိုင်း ဒေသကြီး ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်များရှိ ဒေသခံ ပြည်သူ လူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားမည့် အစီအစဉ်များနှင့် နောက်ထပ် အစည်းအဝေး ကျင်းပမည့် အစီအစဉ်များကို ဆွေးနွေး ညှိနှိုင်းခဲ့သည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဥက္ကဋ္ဌ (၁) KNU/KNLA တပ်မဟာ (၃) တပ်မဟာမှူး၊ ဒုတိယဥက္ကဋ္ဌ (၂) အရပ်သားကိုယ်စားလှယ် စောထူးဘလက်တို့ အပါအဝင် အတွင်းရေးမှူးများ၊ ကော်မတီဝင်များနှင့် လေ့လာသူများတက်ရောက်ခဲ့သည်။ (JMC)

ဧပြီလ ၂၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေး ကော်မတီ [JMC-S (ကရင်)] ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁)နှင့် JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၂)တို့မှ နှုတ်ခွန်းဆက်

စကားများပြောကြားခဲ့သည်။ အစည်းအဝေးတွင် ကရင်ပြည်နယ်အတွင်း ဆက်လက်လုပ်ဆောင်မည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် လူထုတွေ့ဆုံပွဲ ပြုလုပ်မည့် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့သည်။ အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ (၁)၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့် ကော်မတီဝင်များ စုစုပေါင်း (၁၉) ဦးတက်ရောက်ခဲ့သည်။ (JMC)

ဧပြီလ ၂၄ ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်၊ တံတားဦးကျေးရွာတွင်မွန်ပြည်နယ် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (မွန်)] အဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူ လူထု တွေ့ဆုံကာ [JMC-S (မွန်)]မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (မွန်) ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ မိယဉ်ချမ်းမှ နှုတ်ခွန်းဆက်စကား ပြောကြား၍ ကော်မတီဝင်များက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အကြောင်းအရာများ၊ JMC ဆိုင်ရာ အကြောင်းအရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ အရပ်သားပြည်သူကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ သည်။ လူထုတွေ့ဆုံပွဲသို့ သထုံမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တံတားဦးကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုစုပေါင်း (၄၀၀) ဦးခန့်တက်ရောက်ခဲ့သည်။ (JMC)

ဧပြီလ ၂၄ ရက်နေ့တွင် ပဲခူးတိုင်း၊ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့၌ ပဲခူးတိုင်း ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ပဲခူး)] ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်သူလူထု နှင့် တွေ့ဆုံကာ ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (ပဲခူး) ဥက္ကဋ္ဌ၊ JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၁) ကိုယ်စား အတွင်းရေးမှူး (၁)နှင့် ဒုတိယဥက္ကဋ္ဌ (၂)တို့မှ နှုတ်ခွန်းဆက်စကား များပြော ကြားခဲ့ကြသည်။ ဆက်လက်၍ JMC-S (ပဲခူး) အဖွဲ့ဝင်များက NCA ပါ အကြောင်းအရာများ၊ JMC ဆိုင်ရာ အကြောင်း အရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ အရပ်သား ပြည်သူကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စများကိုရှင်းလင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (ပဲခူး) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့် အတွင်း ရေးမှူးများ၊ ကော်မတီဝင်များ၊ နစ်ဖက် လက်နက်ကိုင်တပ်ဖွဲ့မှ နယ်မြေခံ တပ်ဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များနှင့် သံတောင်မြို့နှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူများတက်ရောက်ခဲ့သည်။ (JMC)

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ပဲခူး) ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များသည် ၂၀၁၈ ဧပြီ ၂၄ ရက်တွင် သံတောင်ကြီးမြို့နယ် သံတောင်မြို့သို့ သွားရောက်၍ ပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းပြောကြားရာတွင် တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) အကြား ပစ်ခတ်မှုနှင့် တိုက်ပွဲများမဖြစ်ပွားအောင် ညှိနှိုင်းဆောင်ရွက်မည်ဟု တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက ပြောကြားကြောင်း JMC ၏ မေ ၂၅ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ဧပြီ ၂၃ ရက်မှာ စတင်တာဝန်ယူခဲ့သည့် ဗိုလ်ချုပ် မျိုးဝင်းသည် လက်ရှိတွင် ပဲခူးတိုင်း JMC-S ကော်မတီဥက္ကဋ္ဌ အဖြစ်လည်း တာဝန်ယူဆောင်ရွက်နေသည်။ (7Day)

ဧပြီလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် ကရင်ပြည်နယ် ဘားအံမြို့၌ မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသား အစည်းအရုံးတို့ နှစ်ဖက်တပ်မှူးများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ တွင် JMC ကော်မတီဝင်များက NCA ပါအကြောင်းအရာများ၊ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ (COC)၊ စိစစ်အတည်ပြုရေးနှင့် ပူးတွဲ နယ်လှည့် စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များ၊ ဒေသခံအရပ်သား စောင့်ကြည့်သူများ ခန့်ထားရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့သည်။ (7day) (7Day)

ဧပြီလ ၂၆ရက်နေ့နှင့် ၂၇ ရက်နေ့တို့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ လုပ်ငန်းတာဝန်များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးသည့် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ပြုလုပ်ခဲ့သည်။ JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ နှစ်ဖက် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ သိရှိလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သည့် လုပ်ငန်းစဉ်များကို JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အသေးစိတ် ရှင်းလင်း JMC-S (မွန်) က ဦးဆောင်ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသို့ နှစ်ဘက်လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၊ နည်းပညာအထောက်အကူပြုရုံး တာဝန်ရှိသူများ စုစုပေါင်း (၅၀) ဦးခန့် တက်ရောက်ခဲ့သည်။ (JMC)

ဧပြီလ ၂၆ရက်နေ့နှင့် ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ တိုင်း/ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မတီဝင်များအား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များအား ရှင်းလင်း ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် (JMC-S) နှင့် ဒေသဆိုင်ရာအဆင့် (JMC-L) များမှ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့် အရပ်သား အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ် (၂၁) ဦး တက်ရောက်ခဲ့သည်။ (JMC)

ဧပြီလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ရှမ်း)] ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် မိုင်းပန်မြို့နယ်သို့ သွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။ မိုးပန်မြို့နယ်၊ နောင်ပါမွန်ကျေးရွာတွင် ပြုလုပ်သည့် လူထုတွေ့ဆုံပွဲသို့ JMC-S (ရှမ်း) နှင့် JMC-L (လင်းခေး) အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ ရှမ်းတိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား စသည့် ပြည်သူလူထု စုစုပေါင်း (၃၃၀) ကျော် ပါဝင်တက်ရောက်ခဲ့သည်။ (JMC) (Military)

ဧပြီလ ၃၀ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (မွန်)] ၏ (၁၅) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းများ စသည်တို့ကို အသေးစိတ် ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် အရပ်သား အစုအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ် (၁၀) ဦး ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

## ထုတ်ပြန်ချက်

ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဖာပွန်ခရိုင်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့မှုအပေါ် နစ်ဖက်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးမည့်အစည်းအဝေး ရွှေ့ဆိုင်းခဲ့ရသည့် အခြေအနေနှင့် ပတ်သက်၍ အချက်ငါးချက်ပါ သဘောထားကြေညာချက် တစ်စောင်အား ဧပြီလ၂ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုတွင် လိုအပ်သည့် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို တပ်မတော်နှင့် တွေ့ဆုံညှိနှိုင်းရန် KNU ဗဟိုဌာနချုပ်နှင့် တပ်မဟာများမှ ထိပ်တန်းခေါင်းဆောင် ၇ ဦးပါဝင်သည့် စစ်ဘက် ရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (MANT) မှ ဆွေးနွေးရန်သွားရောက်ခဲ့ပြီး၊ ဆွေးနွေးပွဲကို တပ်မတော်ဘက်မှ ရွှေ့ဆိုင်းခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။ (7Day) (KNU- HQ) (Shan News) (Mizzima)

**ဧပြီလ ၄ရက်နေ့တွင်** နေပြည်တော်၌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ် အသိပညာပေးရေးနှင့် မိုင်းလုပ်ငန်းဆိုင်ရာ အကူအညီပေးရေးနေ့ အခမ်းအနားတွင် ၂၀၁၆နှင့် ၂၀၁၇ခုနှစ် နှစ်နှစ်အတွင်း မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်း(ERW)များကြောင့် သေကြေဒဏ်ရာရသူပေါင်း ၃၃၇ဦးရှိခဲ့သည်ဟု ကုလသမဂ္ဂ ကလေးများ ရံပုံငွေ အဖွဲ့(Unicef) အဖွဲ့မှ ပြောခဲ့သည်။ **“မှတ်တမ်းမှတ်ရာ မပြုလိုက်ရတဲ့ မတော်တဆမှုတွေများစွာ ရှိနေနိုင်တယ်ဆိုတာ ကျွန်မတို့တွေ သိသော်ငြား လည်း မြန်မာနိုင်ငံမှာ မြေမြှုပ်မိုင်းတွေကြောင့် မတော်တဆမှုတွေဟာ နေ့စဉ်နဲ့အမျှ ဆက်လက် ဖြစ်ပေါ်နေဆဲပါ။ ဝမ်းနည်း ရတာကတော့ ဒါတွေရဲ့ အကျိုးဆက်တွေကို ခံစားရတဲ့သူတွေက ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေပါပဲ”** ဟု ယူနီဆက်ဖ်မှ မြန်မာ နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် June Kunugi မှ ပြောခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချ ထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆက်အောင်မှလည်းမိုင်းပေါက်ကွဲမှုကြောင့် ၃ လ အတွင်း ထိခိုက်ဒဏ်ရာရသူ ၄၂ ဦးရှိပြီး၊ **"၂၀၁၇ ခုနှစ်မှာ မိုင်းထိခဲ့သူအရေအတွက် ၁၇၆ ခုရှိတယ်၊ ၅၂ ယောက်ကသေတယ်၊ ၁၂၄ ယောက်က ဒဏ်ရာရတယ်၊ အားလုံးရဲ့ ၄၃ ရာခိုင်နှုန်းဟာ အမျိုးသမီးနဲ့ကလေးဖြစ်တယ်"** ဟုပြောခဲ့သည်။ (Mizzima) (RFA) (Unicef)

ဧပြီလ ၄ ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာ မြေမြှုပ်မိုင်း အန္တရာယ်နိုးကြားမှုရှိစေရေးနေ့မှာ မြန်မာအစိုးရအနေနှင့် မြေမြှုပ်မိုင်းတွေရှိသည့်ဒေသတွေမှာ နေထိုင်နေကြသော အရပ်သားများကို အကာအကွယ်ပေး ဆောင်ရွက်ရန် EU ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီးမှ တိုက်တွန်းခဲ့သည်။ ထို့ပြင် EUမှ ကြော်ငြာချက်တစ် စောင်ထုတ်ပြန်ခဲ့ပြီး၊ ပဋိပက္ခတွေဖြစ်ပွားသည့် ကချင်ပြည်နယ် ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွေမှာ ၂၀၁၇ ခုနှစ်အတွင်း မြေမြှုပ်မိုင်းတွေ နောက်ထပ်မြှုပ်နှံသုံးစွဲသည်ဆိုသည့် အစီရင်ခံစာများ ထွက်ပေါ်လာသည့်အပေါ် အင်မတန်စိုးရိမ်သည်ဟုလည်း EU ၏ ကြေညာချက်တွင်ဖော်ပြခဲ့သည်။ (VOA) (VOA) (DevelopmentAID)

ကချင်ပြည်နယ် ဟူးကောင်း ခရိုင်နယ်မြေအတွင်း၌ KIA ကချင်လွတ်မြောက်ရေးတပ်မတော် မှ စစ်ဆင်ရေး ပြုလုပ်မည် ဖြစ်သဖြင့် အဆိုပါဒေသတွင် လာရောက်ပြီး ရွှေနှင့် ပယင်း တူးဖော်နေသူများ မိမိ၏နေရပ်ကို အမြန်ဆုံး ထွက်ခွာကြရန် ဧပြီလ ငါးရက်နေ့ရက်စွဲဖြင့် ကြော်ငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ KIA တပ်မဟာ ၁၄ ဒေသမှာ ဒေသအတွင်း ရှဒူးဇွတ်ဂျာဝမ်၊ နန်ဗျူ၊ နန်ကွမ်း၊ တုံမဂျီ၊ ဒဂွမ်ချောင်း၊ ဒဘာချောင်းဖျား ဒေသတို့မှာ ရွှေနှင့် ပယင်းခိုးတူးနေကြသည့် လုပ်ငန်းရှင်များနှင့်

လက်လုပ် လက်စားများအား သတိပေးခြင်းဖြစ်သည်ဟု KIA ၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။ KIA ၏ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူ မှ **"တပ်မတော်ဘက်က ထိုးထား တဲ့ စစ်ကြောင်းတွေ အကုန်လုံးက ပယင်းမော်၊ ရွှေမော်တွေဘက်မှာ ရှိနေတုန်း ဖြစ်ပါတယ်။ တပ်ရင်း ၁၄ က နည်းနည်း လှုပ်ရှားတာနဲ့ တိုက်ပွဲတွေက ပြန်ဖြစ်မှာ။ တိုက်ပွဲ ဖြစ်တဲ့ အချိန်မှာ ပြည်သူလူထုက ဒုက္ခတွေ့ မှာဖြစ်ပါတယ်။ အဲ့တာကြောင့် ပြည်သူလူထုတွေကို ထွက်ခွာဖို့ သတိပေးပြီး ထုတ်ပြန်ကြေငြာချက် လုပ်လိုက်တာပါ"** ဟု ပြောခဲ့သည်။ (BBC) (Irrawaddy) (KachinWave) (NMG) (Myintkyina ) (Myintkyina) (7Day) (NAB) (The Ladies) (TaiFreedom)

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးနှင့် အရေးပေါ်ကယ်ဆယ် တုံ့ပြန်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး မစ္စ အာရ်ဆူလာမူလာသည် နေပြည်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရာတွင် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရသူများ အားလုံးအနေဖြင့် လိုအပ်သော လူသားချင်း စာနာမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ အကူအညီများရရှိစေရန် ကုလသမဂ္ဂမှ ဆက်လက်ပံ့ပိုး ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ၏ ဧပြီ ၈ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (7Day) (VOA) (VOA) (UNOCHA)

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်အတွင်း၌ မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရသူများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသော လူမှုပန်ထမ်းများကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့မှ အကာအကွယ်ပေးရန် မေတ္တာရပ်ခံကြောင်း ကြေညာချက်ကို ဖာပွန်ခရိုင်ဒေသ အရေးပေါ် ကူညီထောက်ပံ့ရေးအဖွဲ့မှ ဧပြီလ ၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (TheLadies)

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အင်းဒင်ရွာတွင် ရိုဟင်ဂျာ ၁၀ ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ တာဝန်ရှိသည့် တပ်မတော်အရာရှိ ၄ ဦးအား တပ်မှ ထုတ်ပစ်ပြီး၊ စစ်သား ၃ ဦးတို့ကို တပ်သားအဆင့်ထိ လျော့ချခဲ့ပြီး ၎င်းတို့ ၇ ဦးအား တပ်မတော် အက်ဥပဒေပုဒ်မ (၇၁)ဖြင့် အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ် ချမှတ်ခဲ့ သည်။ ထို့ပြင် ဥပဒေမဲ့ ပြစ်မှုကျူးလွန် ခဲ့သူများထဲမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကိုလည်း သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိနေကြောင်း တပ်မတော်မှ ဧပြီလ ၁၀ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (DVB) (BBC) (Military)

ဧပြီလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ရိုက်တာသတင်းထောက် နှစ်ဦးအား ဆက်လက် ဖမ်းဆီးထားခြင်းနှင့် ပတ်သတ်၍ အင်္ဂလိပ် မြန်မာ ဘာသာစကားနှစ်မျိုးဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ( U.S.EmbassyRangoon )(Popular)

NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) တို့ အလွတ်သဘောတွေ့ဆုံညှိနှိုင်းခြင်းနှင့် ပတ်သက်၍ SSPP ဗဟိုကော်မတီ၏ ထုတ်ပြန်ကြေညာချက်ဆိုသော ထုတ်ပြန်ကြေညာချက် အတုအယောင်ကို ကန့်ကွက်ရှုံ့ချကြောင်း သတင်းထုတ်ပြန်ချက်အား SSPP/SSA မှ ဧပြီလ ၁၁ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ (FPNCC)

ဧပြီလ ၁၇ ရက်နေ့တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကနေဒါ နိုင်ငံခြားရေးဝန်ကြီးတို့ ပြုလုပ်သည့် ဓနသဟာရနိုင်ငံ ခေါင်းဆောင် အစည်းအဝေးတွင် Australia, New Zealand, Bangladesh နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်ပြီး ရိုဟင်ဂျာအရေးကိစ္စများ ဆွေးနွေးခဲ့သည်။ မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာများ၏ ဘေးကင်းလုံခြုံရေးအတွက် အလေးအနက်ထားကြောင်းနှင့် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် သီးခြားလွတ်လပ်ပြီး အများလက်ခံသည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်ကြောင်း ပါဝင်သော ကြေညာချက်အား အဆိုပါ အစည်းအဝေးအပြီး၌ ထုတ်ပြန်ခဲ့သည်။ (VOA) (Canada-Government) (CBC)

ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော မိုင်းခေါင်ကျေးရွာ KBC ဒုက္ခသည်စခန်း(၁)က ဦးဖော်ဂမ်ယော်နဲ့ ဦးနခွန်နော်ဆန်းတို့အား သတ်ဖြတ်ခဲ့သည့်ကိစ္စနှင့် ပတ်သတ်၍ စုံစမ်းဖော်ထုတ်ပြီး တရားမျှတမှုရှိအောင် ဆောင်ရွက်ရန်ရှိသည့်အပြင် အသတ်ခံရသူ မိသားစုဝင် တဦးဖြစ်သော ဦးဖော်ဂမ်ယော်၏ ချွေးမ ကော့အောန်းအား မတရား ဆက်သွယ်ပုဒ်မဖြင့် မြန်မာ့တပ်မတော်က တရားစွဲဆိုထားခြင်းကိုလည်း ပြန်လည်ရုပ်သိမ်းပေးရန် Forify Rights မှ ဧပြီလ ၁၉ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ (RFA) (Forify Rights) (VOA)

ကချင်ပြည်နယ် အခြေအနေနှင့် ပတ်သက်ပြီး ဧပြီလ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေ ကိုယ်စား လှယ်နှင့် လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Knut Ostby မှ စိုးရိမ်ကြောင်း သဘောထားထုတ်ပြန်ချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ (Reliefweb) (TheLadies) (UNODHA) (VOA)

ရိုက်တာသတင်းထောက်နှစ်ဦး နှင့် ဒုရဲမှူး မိုးရန်နိုင်တို့ကို ဖမ်းဆီးထားသော ဖြစ်စဉ်တွင် ဒုရဲမှူး မိုးရန်နိုင်နှင့် ၎င်း၏ မိသားစုဝင်များ လူ့အခွင့်အရေး ထိခိုက်နစ်နာမှု မရှိစေရေး ဆောင်ရွက်ပေးရန် မြန်မာသတင်းသမားများ ကာကွယ်ရေး ကော်မတီ (PCMJ)မှ တိုင်ကြားချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ပြည်ထဲရေး ဝန်ကြီးဌာနသို့ အကြောင်းကြားထားကြောင်း ဧပြီလ ၂၃ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (7Day) (RFA)

သျှမ်းလူ့အခွင့်မဏ္ဍိုင်မှ ကြေငြာချက်တစ်စောင်ကို ဧပြီလ၂၃ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ (TaiFreedom)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးရေးကော်မီတီ(PNC) နှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) မှ ငြိမ်းချမ်းရေးကော်မရှင် (PC) တို့၏ နှစ်ဖက် တရားဝင်ဆွေးနွေးပွဲကို ဧပြီလ(၂၆) ရက်နေ့ မှ (၂၇) ရက်နေ့အထိ ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့ ရှိပြည်နယ်ခန်းမ၌ ကျင်းပမည် ဖြစ်ပါသည်ဟု ဧပြီလ၂၅ရက်နေ့ရက်စွဲဖြင့် ပူတွဲကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။ (TheLadies) (UNFC) (KNPP)

**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**
**အတွဲ(၂)၊ အမှတ်(၇)၊ မေ ၂၀၁၈**

ဥရောပသမဂ္ဂ (EU)သည် မြန်မာ့တပ်မတော်နှင့် နယ်ခြားစောင့်ရဲအရာရှိများအား လက်နက်ကုန်သွယ်မှု တားမြစ်ခြင်းနှင့် စစ်ရေးအရပူးပေါင်းဆောင်ရွက်မှု၊ လေ့ကျင့်မှုများလည်း ပြုလုပ်မည်မဟုတ်ဘဲ၊ ရာဇဝတ်မှု ကျူးလွန်သည့် အကြီးတန်းအရာရှိများကိုလည်း ခရီးသွားလာခွင့်တားမြစ်ခြင်းနှင့် ပိုင်ဆိုင်မှု စာရင်းများလည်း ပိတ်ပင်ခဲ့ကြောင်းအား ဧပြီလ ၂၆ ရက်နေ့ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (7day) (Irrawaddy) (EUSanctions) (Reuters)

ဧပြီလ ၂၇ ရက်နေ့တွင် မြစ်ကြီးနား ခရစ်ယာန်အသင်းတော်များကောင်စီမှ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ထံသို့ လိပ်မူပြီး ပိတ်မိနေသူများ နေထိုင်ရေး ခက်ခဲနေပြီး လွတ်မြောက်လာစေရန် အမြန်ဆုံး လမ်းညွှန်ကူညီပေး ပါဟု တောင်းဆိုသည့် စာတစောင်ကို ပေးပို့ခဲ့သည်။ (Irrawaddy)

မြန်မာနိုင်ငံ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လွန်ခဲ့တဲ့ သုံးပတ်အတွင်း လူ ၄၀၀၀ လောက် ထွက်ပြေးခဲ့ရသည့်အပြင် အများစုသည် တိုက်ပွဲအတွင်း၌ ပိတ်မိနေခဲ့ကြသည့်အပေါ် UN အနေဖြင့် အရပ်သားများ၏ လုံခြုံရေးအတွက် အထူးစိုးရိမ်လျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာတဲ့ အကူအညီအရေး UN OCHA အဖွဲ့ အကြီးအကဲ Mark Cuttsက ဧပြီလ ၂၇ ရက်နေ့တွင် ပြောခဲ့သည်။ (RFA) (AFP)

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိပြီး ဒေသခံပြည်သူများ စစ်ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည့် အပေါ် အမေရိကန် သံရုံးမှ စိုးရိမ်ကြောင်းနှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ပါဝင်ပတ်သတ်သူများမှ ရပ်တန့်ပေးရန် ဧပြီလ ၂၇ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ (Mizzima) ( U.S.Embassy) (RFA) (VOA) (TheLadies)

တပ်မတော်နှင့် ကချင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား ဖြစ်ပွားခဲ့သည့် ပြင်းထန် သော တိုက်ပွဲများကြောင့် ဧပြီလဆန်းက စတင်၍ ကချင်ပြည်နယ်တွင် လူဦးရေ ၅,၀၀၀ ကျော် အသစ်ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရ သည်ဟု ခန့်မှန်း ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး-မြန်မာ (United Nations OCHA Myanmar)က မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ (7day) (UNOCHA) (TheLadies)

## သဘောထားမှတ်ချက်

အစိုးရနှင့် 'ဝ' လက်နက် ကိုင်အဖွဲ့ (UWSA) ၊ မိုင်းလား လက်နက်ကိုင်အဖွဲ့ (NDAA) တို့ တွေ့ဆုံဆွေးနွေးနိုင်ရေး သကြၤန် အပြီးတွင် ဆောင်ရွက်မည်ဟု ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော် ဦး (ငြိမ်း)မှ ပြောခဲ့သည်။ **"ဝ နဲ့ မိုင်းလားကိစ္စတွေက သကြၤန်ပြီးမှပဲ ဆက်သွယ်ပြီးသွား ဖို့ လာဖို့ရှိပါလိမ့်မယ်"**ဟု ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)ကမှ ပြောခဲ့သည်။ (7Day)

ဧပြီလ ၅ ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ဆက်ဆံရေးရုံးခွဲ(ဖားဆောင်း)သည် တရားမဝင်သဖြင့် မြန်မာ့တပ်မတော် သိမ်းဆည်းသွားရန် အစီအစဉ်ရှိကြောင်း လူမှုကွန်ယက်ပေါ်တွင် ပျံ့နှံ့နေသည့် သတင်းမှာ မမှန်ကန်ကြောင်း KNPP ဆက်ဆံရေးရုံး(လွိုင်ကော်မြို့)၏ ဆက်ဆံရေးတာဝန်ခံ ခူးဥေးရယ်မှ ပြောခဲ့သည်။ (KachinWave)

ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား စစ်ရေးတင်းမာနေပြီး တိုက်ပွဲများ ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု KIA ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး နော်ဘူမှပြောခဲ့သည်။ (RFA)

ဧပြီလ ၉ ရက်နေ့တွင် မွန်ပြည်သစ် ပါတီ ထိန်းချုပ်နယ်မြေ တခုဖြစ်သော ရေးချောင်းဖျားဒေသ၊ ညီစားစခန်းရှိ မွန်အမျိုးသား ပညာရေး ဗဟိုဌာန၌ ပြုလုပ်သည့် နိုင်ငံလုံးဆိုင်ရာ ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ရေးထိုးမှုနှင့် ပတ်သက်၍ NCA လုပ်ငန်းစဉ် ရှင်းလင်းပွဲတွင် မွန်ပြည်သစ်ပါတီ (NMSP) အနေဖြင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးအတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ (JMC-S) အဆင့်တွင် ကိုယ်စားလှယ် ပါဝင်ခွင့် မရ၍ စိတ်ပျက်မိကြောင်း NMSP ဥက္ကဋ္ဌ နိုင်ထောမွန် မှ ပြောခဲ့သည်။ ထို့ပြင် ဥက္ကဋ္ဌ နိုင်ထောမွန်မှ NCA သည် နိုင်ငံရေးဆွေးနွေးသည့် လမ်းကြောင်းဖြစ်၍ မိမိတို့ပါတီ၏ ရည်မှန်းချက်ပန်းတိုင်မဟုတ်ကြောင်း အဖွင့် မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည်။ "JMC အနေနဲ့ မွန်ပြည်နယ် တခုမှာပဲ JMC(S) ကို ဖွဲ့စည်းခွင့်ပေးတယ်။ ကျန်တဲ့ ကရင်ပြည်နယ်၊ တနင်္သာရီမှာ JMC-S အနေနဲ့ စုဖွဲ့မှု မပေးတာ ဥက္ကဋ္ဌကြီးက စိတ်မကောင်းဖြစ်တယ်" ဟုမွန်ပြည်သစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ နိုင်အောင်မငေးမှ ပြောခဲ့သည်။ (Irrawaddy) (MonNew)

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရသက်တမ်း ၂ နှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခ ၅၅၀ ကျော်ဖြစ်ပွားခဲ့ကြောင်း မြန်မာ့ငြိမ်းချမ်းရေး အထောက်အကူပြုဆိုင်ရာ အဖွဲ့အစည်း (Myanmar Peace Monitor) ၏ အချက်အလက်များတွင် ဖော်ပြခဲ့သည်။ (7Day)

မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၅)အကြား ဖာပွန်ခရိုင် အတွင်း ဧပြီလ ၉ရက်နေ့ အထိ မကြာခဏ ပစ်ခတ်မှုများရှိနေကြောင်း KNU အတွင်းရေးမှူးဟောင်း ဖာပွန်ခရိုင်အရေးပေါ် ကူညီထောက်ပံ့ရေးအဖွဲ့(MEAT) တာဝန်ရှိသူ ပဒိုမန်းမန်းမှပြောခဲ့သည်။ **"တပ်တွေလည်း အခုထက်ထိ ပြန်မဆုတ်သေးပါဘူး။ သူတို့ရဲ့ တပ်အင်အား ခြောက်ရာလောက် ရှိနေတုန်းပဲ ဖြစ်တယ်။ လမ်းရဲ့ ဘယ်ညာဝန်းကျင်မှာ တပ်စခန်း ချထားတာတွေ၊ တိုက်ကင်းလှည့် တာတွေ လုပ်နေတုန်းပဲ ရှိပါသေး တယ်။ လမ်းဖောက်တာတော့ မရှိ တော့ဘူး။ ဒါပေမဲ့ တပ်တွေပြန် မဆုတ်တော့ နှစ်ဖက်က သူပစ် ကိုယ်ပစ် ကြုံးကြား ကြုံးကြားတော့ နေ့တိုင်းလိုလို ဖြစ်နေတုန်းပါ။ ကြီးကြီးကျယ်ကျယ် တိုက်ပွဲကြီး မဟုတ်ပေမယ့် နေ့တိုင်းလိုလို ဖြစ်တယ်လို့ ပြောရမှာ ဖြစ်တယ်"** ဟု ပဒိုမန်းမန်းမှ ပြောခဲ့သည်။ (7Day)

လာမည့် ဧပြီလကုန် (သို့မဟုတ်) မေလဆန်းပိုင်းတွင် ပြုလုပ်ရန် လျာထားသည့် ၂၁ ရာစု ပင်လုံညီလာခံ တတိယအကြိမ်အစည်းအဝေးကို ကချင်လွတ်မြောက်ရေး တပ်မတော် (KIO) အနေဖြင့် မြောက်ပိုင်းအဖွဲ့နှင့် တက်ရောက်မည်ဖြစ်ကြောင်းအား KIO၏ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူမှ " **KIO သီးသန့်**

**တက်ဖို့ဆိုတာတော့ မကြားမိဘူး။ ဒါပေမယ့် FPNCC အဖွဲ့အနေနဲ့တော့ အစိုးရတရားဝင်ဖိတ်ကြားလာရင်တော့ အဖွဲ့နဲ့ တက်မယ်လို့ ထုတ်ပြန်ချက်ထုတ်ထားတာရှိတယ်။ KIO အနေနဲ့ သီးသန့်တက်ဖို့က အခုထက်ထိ ဘာမှ ပြောသံဆိုသံ မကြားရသေးဘူး၊**" ဟု ပြောခဲ့သည်။( MyitKyinanews )

ရက္ခိုင့်တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမရနိုင်၏ အင်တာဗျူး အမေးအဖြေများ (TheArakanArmy )

ကန့်သတ်ချက်များကြောင့် နှောင့်နှေးခဲ့ရသော မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မေလတွင် ၃ ရက်ဆက် ပြုလုပ်သွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးမှ ပြောခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲကို မွန်ပြည်နယ်၊ ရေးမြို့တွင် မေလ ၅ ရက်မှ ၇ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး တက်ရောက်သူ ၅၀၀ ကို ဖိတ်ကြားမည်ဖြစ်ကာ လေ့လာသူအဖြစ် အရေအတွက် ကန့်သတ်မှု မရှိ တက်ရောက်ခွင့်ပြုသွား မည် ဖြစ်ကြောင်း NMSP ဗဟိုကော် မတီဝင် နိုင်အောင်မငေး က ပြောခဲ့သည်။ (Irrawaddy)

ရိုက်တာသတင်းထောက်နှစ်ဦးကို ထောင်ချောက်ဆင်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တရားလိုပြသက်သေ ဒုရဲမှူးမိုးရန်နိုင်မှ ဧပြီလ ၂၀ရက်နေ့ ရုံးချိန်းအပြီးတွင် ပြောကြားခဲ့သည်။ (Irrawaddy)

ကချင်ပြည်နယ် တနိုင်း၊ ဖားကန့်နှင့် မိုးကောင်းမြို့နယ်များတွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့၏ တိုက်ပွဲကြောင့် စစ်ဘေးတိမ်းရှောင်ရသည့် ဒေသခံများတိုးလာသည့် အပေါ် ဆွေးနွေးညှိနှိုင်းရေး နည်းလမ်းရှာရန် အစိုးရကို မြစ်ကြီးနားမြို့အခြေစိုက် ငြိမ်းချမ်းရေး ဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG)မှ တိုက်တွန်းခဲ့သည်။ တိုက်ပွဲကြောင့် နမ္မတီးမြို့ အတွင်းရှိ ဘုရားကျောင်းများတွင် လာရောက်ခိုလှုံနေသည့် စစ်ဘေးရှောင် ဒုက္ခသည် ၁၀၀၂ ဦး နေရာထိုင်ခင်းနှင့် စားရေးသောက်ရေး အဆင်မပြေ ဖြစ်နေကြောင်း စစ်ဘေးရှောင်ဒုက္ခသည်များကို ကယ်ဆယ်ရေး တာဝန်ယူပေးနေသူ တဦးဖြစ်သည့် ကချင်အမျိုးသမီးများ သမဂ္ဂမှ ဒေါ်ဆွတ်ဆိုင်းထွယ်မှ ပြောခဲ့သည်။ နမ္မတီးမြို့ရှိ ကချစ်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၊ ကတ်သလစ်ဘုရားကျောင်းနှင့် အင်ဂလိဂန်ဘုရားကျောင်းတို့တွင် ပြေးလာသည့် စစ်ဘေးရှောင်ဒုက္ခသည် ၁၀၀၂ ဦး ခိုလှုံနေပြီး ၎င်းတို့မှာ အသက် ၁၈ နှစ်အောက် အမျိုးသမီး ၂၃၁ ဦး၊ အမျိုးသား၂၄၄ ဦး၊ အသက် ၁၈ နှစ်အထက် အမျိုးသမီး ၂၃၂ ဦးနှင့် အမျိုးသား ၂၁၄ ဦး၊ အသက် ၆၀ အထက် အမျိုးသမီး ၄၂ ဦးနှင့် အမျိုးသား ၃၉ ဦးတို့ ဖြစ်သည်။ (7Day) (Irrawaddy) (RFA) (Kumudra)

ကရင်ပြည်နယ် ဘုရား သုံးဆူဒေသရှိ မွန်ပြည်သစ်ပါတီ (NMSP) ၏ ယခင်တပ်စခန်းနေရာနှစ်ခုဖြစ်သော ဇီးနှစ်ပင်တပ် စခန်းနှင့် ဘုရားကုန်းတပ်စခန်းတို့ကို ပြန်လည်ရယူနိုင်ရေး တပ်မတော်နှင့် ဆက်လက်ညှိနှိုင်းနေကြောင်း အဖွဲ့ပြောရေး ဆိုခွင့်ရှိသူ နိုင်အောင်မငေးမှ ပြောခဲ့သည်။ (7Day)

ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ- ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးကို မေလ ကုန်တွင် ပြုလုပ်နိုင်ရေး အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များ မေလဒုတိယပတ်တွင် ထပ်မံတွေ့ဆုံမည်ဟု ပအိုဝ်းအဖွဲ့ (PNLO)

ဦးဆောင် နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာမှပြောခဲ့သည်။ ဧပြီ ၂၀၊ ၂၁ ရက်အလွတ်သဘောဆွေးနွေးပွဲ ရလဒ်အသေး စိတ်ကို သတင်းထုတ်ပြန်ခြင်းမပြုရန် နှစ်ဖက်ကိုယ်စားလှယ်များအကြား သဘောတူညီထား၍ အသေးစိတ်ပြောပြနိုင်ခြင်းမရှိသော်လည်း ယခင်ထက် ပိုမိုနီးစပ်လာ ပြီဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ ပြောခဲ့သည်။ (7Day)

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုသဘောတူစာချုပ် NCA တွင် မွန်ပြည်သစ်ပါတီ NMSP ပါဝင်လက်မှတ် ရေးထိုးခဲ့သည်မှာ ၂ လခွဲနီးပါးရှိပြီဖြစ်သော်လည်း ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S မဖွဲ့စည်းနိုင်သေးကြောင်း မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌ နိုင်ဟံသာမှပြောခဲ့သည်။ **" JMC-S အတွက် မွန်၊ ကရင်၊ တနင်္သာရီ ၃ နေရာတောင်းဆိုထားတယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီမှာ မွန်တိုင်းရင်းသားတွေအများကြီးရှိနေသလို ကျနော်တို့တပ်ဖွဲ့တွေ တော်တော်များ အခြေစိုက်လှုပ်ရှားနေကြတယ်၊ မွန်ပြည်နယ်တစ်နေရာပဲ ပေးမယ်ဆိုတော့ ဒါကို ကျနော်တို့လက်မခံနိုင်ပါဘူး"** ဟု နိုင်ဟံသာမှ ပြောခဲ့သည်။ (MonNew)

မေလကုန်တွင် ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးမတိုင်မီ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကို အစိုးရ၏ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းမှ တိုက်တွန်းခဲ့သည်။ (7day)

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် ပိုမိုကျယ်ပြန့်လာနိုင်သည်ဟု KIA ပြောခွင့်ရသူ တဦးမှ ဧပြီလ ၂၇ ရက်နေ့တွင် ပြောခဲ့သည်။ မြန်မာ့တပ်မတော်မှ စစ်အင်အား ၂၀၀၀ ခန့် တပ်ကူပို့ခဲ့ပြီး တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့်ပါ တိုက်ခိုက်နေကြောင်းနှင့် စစ်ကူ ထပ်မံလွှတ်နေခြင်းကြောင့် ဒုက္ခသည် အရေအတွက် ပိုများလာနိုင်ကြောင်း တို့အား ပြောခဲ့သည်။ (RFA)

ကရင်ပြည်အတွင်း မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့ စစ်ရေးတင်းမာမှုများ ဖြစ်ပွားနေခဲ့သည့် အပေါ် KNLA ၏ အကြံပေးအရာရှိ ပဒိုမန်းမန်း ၏ ပြောစကားများ (Irrawaddy)

ဧပြီလ ၂၉ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ ဒု ဥက္ကဋ္ဌ ဟောင်းဖြစ်သူ ဒေါက်တာ မနာမ်တူးဂျာမှ ပြည်သူလူထုမှ KIO အားလက်မှတ်ရေးထိုးလာအောင် တွန်းအားပေးရန် လိုသည်ဖြစ်ပြီး လက်ရှိအချိန်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် NCA လက်မှ ရေးထိုးနိုင်ရန် ပိုမို ခက်ခဲလျက်ရှိသည်ဟု ပြောခဲ့သည်။ (7day)

## တိုင်းရင်းသားပါတီများ

ချင်းတိုးတက်ရေးပါတီ(CPP)၊ ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ(CNDP)နှင့် ချင်းဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (CLD) သုံးပါတီပူးပေါင်းပြီး တပါတီတည်း ပေါင်းစည်းရန်အတွက် လာမည့် ဖွန်လတွင် အပြီးသတ်ဆွေးနွေးမည် ဖြစ်ပြီး၊ လာမည့် မေလ ၅ ရက်နေ့ သုံးပါတီ ပေါင်းစည်းရေးအတွက်နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းတို့အား ချင်ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးငိုင်ဆော့ခ်မှ ပြောခဲ့သည်။ (BBC) (7Day) (TheLadies)

ဧပြီလ ၁၀ ရက်နေ့တွင် မြစ်ကြီးနားမြို့ စီတာပူမနောင်ဝင်း မဂ္ဂယ်ခန်းမ၌ ပြုလုပ်သော ကချင်လူထုနှင့် ကချင်နိုင်ငံရေး ပါတီများတွေ့ဆုံ ဆွေးနွေးပွဲအတွင်း ပါတီသုံးခုနှင့်အတူ (UDPKS) စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီလည်း ပါတီပေါင်းစည်းရေးသို့ ပူးပေါင်းရန် လက်မှတ်ရေးထိုးခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ကချင်မျိုးနွယ်စုရိုးရာခေါင်းဆောင်များ၊ ကချင်အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များနှင့် လူထုစုစုပေါင်း အယောက် ၇၀၀ ကျော် တက်ရောက်ခဲ့သည်။ (Myitkyinanews) ( Kachinwaves ) ( Kachinwaves ) ( Kachinnews )

ဧပြီလ ၁၁ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖားအံမြို့ ၊ အမှတ် ၇ ရပ်ကွက်၌ တစ်ပါတီတည်း ပေါင်းစည်းလိုက်သည့် ကရင်ပြည်နယ်အခြေစိုက် ကရင်နိုင်ငံရေးပါတီ ၃ ပါတီကို ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) အမည်သစ်ဖြင့် ရုံးသစ် ဖွင့်လစ်ခဲ့သည်။ (KIC)

## အခြား

ဧပြီလ ၄ ရက်နေ့တွင် ပုသိမ်ဟိုတယ်မှာ ကပြခဲ့သည့် စစ်ပွဲအလိုမရှိ ပြဇာတ်နှင့်ပတ်သက်ပြီး တပ်မတော်မှ အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၀ ဖြင့် တရားစွဲထားသည့် ကျောင်းသား ၈ ဦးရုံးချိန်းတွင် ပုသိမ် မြို့နယ် တရားသူကြီးဦးဝင်းအောင်မှ ငွေဒဏ်တွေ အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ရုံးချိန်းပျက်ကွက်ခဲ့သည့် မျိုးကိုကို ဆိုသည့် ကျောင်းသား ၁ ဦးကို ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၀၀/၁၂ အရ တရားခံပြေး ကြေညာပြီး ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်ဟု တရားသူကြီး ဦးဝင်းအောင်မှပြောခဲ့သည်။ (DVB)

ကချင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KIA)နှင့် လွန်ခဲ့သည့်လေးနှစ်ကျော်တွင် ဆက်သွယ်သည်ဆိုကာ ပူတာအိုအခြေပြု နမ်ရှနီလူမှုအဖွဲ့အစည်းဦးဆောင်သူ ဦးမင်ဆိုင်းကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးပြီး မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇(၁)ဖြင့်အမှုဖွင့်ထားသည်ဟု ၎င်း၏ ဇနီးဒေါ်ဆိုင်းမွန်းမှ ပြောခဲ့သည်။ **"ပူတာအို မှာဖမ်းပြီး မချမ်းဘောအချုပ်မှာ တစ်ညအိပ်တယ်။ ဒီမနက်တရားရုံးမှာ ရမန်ယူပြီး အခုပူတာအိုထောင်မှာ ပို့ထားတာ"**ဒေါ်ဆိုင်းမွန်းမှပြောခဲ့သည်။ ဦးမင်ဆိုင်းအနေဖြင့် ၂၀၁၃ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် တိမ်းရှောင်နေပြီး ယခုပြန်တွေ့၍ တပ်မတော်မှ ဧပြီ ၅ ရက်တွင် အမှုဖွင့်ခဲ့ကြောင်း မချမ်းဘောမြို့နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးခင်ဇော်မှ ပြောခဲ့သည်။ (7Day)

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး UNOCHA ၏ လက်ထောက်အတွင်း ရေးမှူးချုပ်နှင့်အရေး ပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယ ညှိနှိုင်းရေးမှူးဖြစ်သူ Ms. Ursula Mueller တို့သည် အကြမ်းဖက်မှုတွေဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ ဧပြီလ၅ရက်နေ့တွင် သွားရောက်ခဲ့သည်။ (RFA) (MOI)

ဧပြီ ၁၁ ရက်နေ့ ရုံးချိန်းတွင် တပ်မတော်မှ ထုတ်ဖော်ဝန်ခံထားပြီး ဖြစ်သည့် မောင်တောမြို့နယ်၊ အင်းဒင်ကျေးရွာ လူသတ်မှုအား ဖော်ထုတ် ရေးသားခဲ့သည့် Reuters (ရိုက်တာ) သတင်းထောက်နှစ်ဦးအား လွတ်ပေးရန် လျှောက်ထားမှုအပေါ် မြောက်ပိုင်းခရိုင်တရားရုံးက ပလပ်ခဲ့ပြီး အမှုအား ဆက်လက်စစ်ဆေးရန် ဆုံးဖြတ်ခဲ့သည်။ (Irrawaddy) (Popular)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း Kofi Annan ဦးဆောင်သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ တိုက်တွန်းချက်တွေကို အကောင်အထည်ဖော်ရေး ကော်မတီ ဦးဆောင်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဧပြီလ ၁၁ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး၊ Cox's Bazar မှ ဒုက္ခသည် စခန်းများအား ဧပြီ ၁၂ ရက်နေ့တွင် သွားရောက်ကြည့်ရှုခဲ့သည်။ (VOA) (Frontiermyanmar)

ရခိုင်ပြည်နယ် မောင်တောဒေသမှာ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးသွားကြရသူများထဲမှ မှတ်စလင်မိသားစုဝင် ၅ ဦးသည် ဧပြီလ ၁၄ ရက်နေ့တွင် တောင်ပြိုလက်ဝဲရှိ ပြန်လည်လက်ခံရေးစခန်းကို ဝင်ရောက်လာခဲ့သည်ဟု သတင်းပြန်ကြားရေးမှ သတင်းထုတ်ပြန်ခဲ့သည်။ (RFA) Mizzima (VOA)

ဧပြီလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံကို ရိုဟင်ဂျာမွတ်စလင် ၅ ဦးပါသည့် မိသားစု တစုပြန်လာခဲ့သဖြင့် လက်ခံကြိုဆိုထားကြောင်း အစိုးရ ပြန်ကြားရေးမှ သတင်း ထုတ်ပြန်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်မှ ပြည်ထဲရေးဝန်ကြီး အာဆာဒူ ဇမန်းနှင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်ကယ်ဆယ်ရေးနှင့်ပြန်လည်ပို့ဆောင်ရေး ကော်မရှင် အကြီးအကဲ အဗူ ကာလမ်တို့မှ အဆိုပါ ပြန်ဝင်လာသူဆိုသူများသည် ဒုက္ခသည် စခန်းမှ မဟုတ်ကြောင်း ငြင်းချက်ထုတ်ခဲ့သည်။ (RFA) (VOA) (VOA)

ဧပြီလ ၁၇ ရက်နေ့တွင် သမ္မတသစ်ဖြစ်သော ဦးဝင်းမြင့်မှ အကျဉ်းသား ၈၅၄၁ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ မြန်မာနိုင်ငံသား ၈၄၉၀ ဦးပါရှိပြီး နိုင်ငံခြားသား ၅၁ ဦးပါဝင်ခဲ့သည်။ ၂၀၁၇ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကချင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ သတင်းပေးများဟု စွပ်စွဲချက်ဖြင့် နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံထားရ သည့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဘာသာရေးဆရာ ၂ ဦး သည်လည်း အပါအဝင် လွတ်မြောက်လာခဲ့ပြီး၊ RCSS ၏ ဗဟိုကော်မတီဝင် ဗိုလ်မှူးခွန်ကျော်အပါအဝင် RCSS အဖွဲ့ဝင် ၃ ဦး လွတ်မြောက်ခဲ့သည်။ (NMG) (Irrawaddy) ( Taifreedom ) (NMG) (MOI)

၂၀၁၃ ခုနှစ်တွင် အင်ခါဂါး၌ တိုက်ပွဲဖြစ်ပွားချိန် ဆရာမင်းဆိုင်းအား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) သို့ သတင်းပေးလုပ်ခဲ့သည်ဟု ဆိုကာ မချမ်းဘော့မြို့တွင် အခြေစိုက်တဲ့ ခလရ (၁၃၇) မှ ဗိုလ်ကြီးသက်ထွန်းအောင်က တရားလိုလုပ်ပြီး ဧပြီလ ၂၀ ရက်နေ့တွင် မချမ်းဘော့တရားရုံး၌ တရားစွဲခဲ့သည်။ (KachinWaves)

ဧပြီလ ၂၄ ရက်နေ့တွင် ကရင်နီပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း သိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရန် ဒေသခံ တောင်သူများမှ လမ်းလျှောက်ဆန္ဒပြတောင်းဆိုသည့် လုပ်ရှားမှု တခု ပြုလုပ်ခဲ့သည်။ လွိုင်ကော်မြို့နယ်အတွင်း မထောရု ကျေးရွာအုပ်စုမှာရှိသည့် သတ္တပလူနှင့် ဇရပ်ဖြူကျေးရွာက တောင်သူပိုင် မြေဧက ၂၀၀ ကျော်ကို ၂၀၀၇/၂၀၀၈ ခုနှစ် အတွင်း ဒေသ ကွပ်ကဲရေးစစ်ဌာနချုပ်မှူး (ဒကစမှူး)မှ သိမ်းယူခဲ့ခြင်းဖြစ်သည်ဟု လမ်းလျှောက်ဆန္ဒပြသူ ဒေသခံတွေများ မှပြောသည်။ သိမ်းဆည်းခဲ့သည့် မြေဧကများကို လက်ရှိ စရဖတပ်မှူး ဦးထွန်းရွှေ (ငြိမ်း) ကို ဒကစမှူးမှ ပြန်လည် လွှဲအပ်ပေးထားပြီး ပုံစံ (၇)လဲ ပြုလုပ်ထားပြီးဖြစ်သည်ဟု ဒေသခံများမှပြောခဲ့သည်။ (KNPP)

ဧပြီလ ၂၅ရက်နေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြုလုပ်မည့် တကျော့ပြန်အိမ်မက်ဆိုး အစီရင်ခံစာ မိတ်ဆက်ပွဲ တားဆီးခံရပြီး၊ တားဆီးခံရမှုနှင့်ပတ်သတ်၍ ကရင်ငြိမ်းချမ်းရေး အခြေအနေများကို လာရောက်ရှင်း လင်းပေးရန် ရောက်ရှိလာသည့် KNU ကရင်အမျိုးသားအစည်းအရုံး ဒုဥက္ကဋ္ဌ ဟောင်း နော်စီဖိုးရာစိန် မှ **"မိတ်ဆက်ပွဲတော့ မလုပ်နိုင်ဘူးပေါ့၊ ဖြစ်တာ ကတော့ ဗမာအစိုးရကနေတဆင့် ဖိအားလာပေးတာဖြစ်မယ်။ ကျမက ဒီပွဲဖြစ်မြောက်ရေး ဦးဆောင်သူမဟုတ်တော့ အသေးစိတ်တော့ မသိရပါဘူး၊ ကျမက ပန်နယ်လစ်စ် တစ်ယောက် အနေနဲ့ပဲ ကျမကို ဒီလိုပဲအကြောင်းကြားဖြစ်တယ်။"**ဟုပြောခဲ့သည်။ (NMG) (Irrawaddy) (KIC)
ရိုက်တာသတင်းထောက်နှစ်ဦးကို ရဲတပ်ဖွဲ့မှ ထောင်ဖမ်းတာဖြစ်သည်ဟု တရားရုံးမှာထွက်ဆိုခဲ့သည့် ဒုရဲမှူးမိုးရန်နိုင်ကို မယုံကြည်ရသည့် သက်သေအဖြစ် ကြေညာပေးရန် အစိုးရရှေ့နေများမှ ဧပြီလ ၂၅ရက်နေ့တွင် မြောက်ပိုင်းခရိုင် တရားရုံးမှာ လျှောက်ထားချက်တင်ခဲ့သည်။ (Popular) (7Day)

ဧပြီလ ၂၇ ရက်နေ့ နေ့လည် ၂ နာရီတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်း ခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့နှင့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၁)တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံခဲ့ရာတွင် မြေယာကိစ္စတိုင်ကြားမှုများ၊ အမှုတွဲများ၊ မူဝါဒ၊ လုပ်ငန်းစဉ် နှင့် လမ်းညွှန်ချက် များအား ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦး၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။ (MOI)

၂၀၁၇ ခုနှစ်အတွင်း အသက် (၁၈)နှစ် ပြည့်မြောက်ခြင်း မရှိ သေးကြောင်း စိစစ်တွေ့ရှိသည့် စစ်သည် ၆၇ ဦးကို မိဘများထံ အပ်နှံခြင်းအပါအဝင် စုစုပေါင်း စစ်သည် ၈၇၇ ဦးကို မိဘများထံ ပြန်လည်အပ်နှံခဲ့ကြောင်း ကာ ကွယ်ရေးဝန်ကြီးဌာန တစ်နှစ်အတွင်း ဆောင်ရွက်ချက်တွင်ဖော်ပြခဲ့သည်။ (7day)

မေ ၂၇ ရက်တွင် ရိုက်တာ သတင်းထောက် ကိုကျော်စိုးဦးနှင့် ကိုသက်ဦးမောင်တို့နှင့် ပတ်သတ်ပြီး ဒုရဲမှူး မိုးရန်နိုင်ကို ရဲတရားရုံးက ရဲစည်း ကမ်းထိန်းသိမ်းရေး ဥပဒေ-၁၆ (ခ)/၂၂ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ် အမိန့်ချမှတ်ခဲ့သည်။ (7day)

## နိုင်ငံတကာဆက်ဆံရေး

ဧပြီလ ၂ ရက်နေ့ ညနေပိုင်းတွင် စစ်တွေမြို့၌ ရခိုင်အင်အားကြီးပါတီဖြစ်သည့် ရခိုင်အမျိုးသားပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Scot Marciel တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ရိုဟင်ဂျာများအား နေရပ်ပြန်လည်နေရာချထားရေးကိစ္စရပ်များ အပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စများကို ဆွေးနွေးဖြစ်ခဲ့သည်ဟု ရခိုင်အမျိုးသားပါတီ အထွေထွေ အတွင်းရေးမှူး ဦးထွန်းအောင်ကျော်မှပြောခဲ့သည်။ ( Mizzima)

ဧပြီလ ၂ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရေဝတီခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေး အဖွဲ့မှ လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဒေါ်အောင်ဆန်းစုကြည်ထံ တင်ပြခဲ့ကြပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့သည်။ (The Ladies)

ဧပြီလ ၃ ရက်နေ့၊ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE Sang-hwa တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ (The ladies)

ဧပြီလ ၃ ရက်နေ့ နံနက် (၁၁) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။ (SC Office) (SCoffice)

ဧပြီလ ၅ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ခေတ်မီတပ်မတော်(Standard Army) တည်ဆောက်နေမှုအခြေအနေများ၊ ထာဝရငြိမ်း ချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဩစတြေး လျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသအတွင်း ဆောင်ရွက်နေမှု အခြေအနေများ၊

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩစတြေးလျ နိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများအားဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Col. Paul Bruce နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Military)

ဧပြီလ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗိဂရမ်မစ်ဆရီ တို့ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံ နယ်စပ်ဒေသ အတွင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် ရိုဟင်ဂျာများအား နေရာ ပြန်လည်ချထားပေးရန် ကိစ္စများအား ဆွေးနွေးခဲ့သည်။ (DVB) (Military) (MOI)

နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့နိုင်ငံအကြီးအကဲများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း ပြန်ကြားရေး ဝန်ကြီးဌာနပိုင် facebook လူမှုကွန်ယက်ပေါ်တွင် ဖော်ပြခဲ့သည်။ (MOI) (MOI)

ဧပြီလ ၁၃ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာအား ဘင်္ဂလားဒေ့ရှ်အစိုးရဘက်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Shahidul Haque နှင့် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး (UNHCR) Filippo Grandi တို့ကြား လက်မှတ်ရေးထိုးခဲ့သည်။ (VOA)

ဧပြီလ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံက ရိုဟင်ဂျာများနှင့် ပတ်သတ်၍ ဗြိတိန်အောက်လွှတ်တော် အသနားခံလွှာများဆိုင်ရာ ကော်မတီ (Petitions Committee) ၌ ဘင်္ဂလားဒေ့ရှ် ရောက်ရှိနေသော ရိုဟင်ဂျာများ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်ရေး နှင့် တဖက်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည့်အပေါ် တာဝန်ရှိသည့်သူများအား အရေးယူရေးအတွက် ဆွေးနွေးခဲ့သည်။ (VOA)

**ဧပြီလ ၂၅ ရက်နေ့၊ နေ့လည်ပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေး ဝန်ကြီး H.E. Mr. Song Tao အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။** (TheLadies)

ဧပြီလ ၂၅ ရက်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်နိုင်ငံ၏ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာ ဆက်ဆံရေး ဌာနကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang ၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MilitaryEng) (Military) (MOI) (MOI)

ဧပြီလ၂၆ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ မြန်မာနိုင်ငံ ဒုတိယ သမ္မတ ဦးမြင့်ဆွေသည် လာအိုနိုင်ငံ ကာကွယ်ရေး ဒုတိယ ဝန်ကြီး နှင့် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန အကြီးအကဲ H.E.Lieutenant General Souvone LEUANGBOUNMY တို့အဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှုနှင့် ခရီးသွားကဏ္ဍများ တိုးမြှင့် ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား အားကစား၊ ယဉ်ကျေးမှု၊ သဘာဝ ဘေးအန္တရာယ် တားဆီး ကာကွယ်ရေး၊ နှစ်နိုင်ငံနယ်ခြားကော်မတီလုပ်ငန်းများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ရေး တို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် လာအိုပြည်သူ့ တပ်မတော် စစ်ဦးစီးဌာနအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Lyying SAYAXANG လည်း တက်ရောက်ခဲ့သည်။ (MOIEng) (MOI)

ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးမှူးရုံး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro MARUYAMA တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ရိုဟင်ဂျာ ဒုက္ခသည်များ နေရပ်ပြန်လည် ဝင်ရောက်လာနိုင်ရေးနှင့် ပတ်သတ်သည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ (MOI)

ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန အကြီးအကဲ Lt. Gen. Souvone LEUANGBOUNMY တို့ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်မည့် ကိစ္စများအား ဆွေးနွေးခဲ့သည်။ (Military) (MOI)

ဧပြီလ ၃၀ ရက်နေ့ နေ့လည်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းအဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ ရိုဟင်ဂျာများအား နေရပ်ပြန်လည် ချထားပေးရေးကိစ္စများ ဆွေးနွေးခဲ့သည်။ ညနေပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးချုပ် မင်းအောင်လှိုင်နှင့်တွေ့ဆုံခဲ့ပြီး ရိုဟင်ဂျာများအား နေရပ်ပြည်လည် ချထားပေးရေး ကိစ္စများ ဆွေးနွေးခဲ့သည်။ ညပိုင်းတွင် ရွှေစံအိမ် ဟိုတယ်၌ နိုင်ငံတော်အတိုင်ပင်ခံရုံး ပြည်ထောင်စု ဝန်ကြီးဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီးဦးကျော်တင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာ ထောက်ထားမှုကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမြ၊ ဦးထွန်းမြတ်၊ ဦးခင်မောင်လေး၊ ဦးလှမြင့်၊ ဒေါက်တာဒေါ်ခင်ညို၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်နှင့် ဘာသာပေါင်းစုံ ညီညွတ်ရေး အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာ သာဉာဏ်၊ ဒေါက်တာတင်လှ၊ ဦးအောင်နိုင်၊ ဒေါက်တာလှထွန်း၊ ဦးသန်းလွင်၊ဦးတင်မြင့်၊ ဦးမျိုးညွန့်၊ ဦးမောင်မောင်၊ ဦးအောင်စိုးလွင်တို့နှင့် တွေ့ဆုံဆွေး နွေးမှုများပြုလုပ်ခဲ့သည်။ (SCoffice) (SCofficeEng) (MOIEng) (MilitaryEng) (MOI) (BBC) (VOA)